# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၄) ရက် ၊ တနင်္လာနေ့ ၊ (18-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ပါဝင်ပြသ




အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပါဝင်ပြသလျက်ရှိသည့် ကုန်စည်ပြခန်းများတွင် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုကြသူများ၊ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ အဆိုပါကုန်စည်ပြပွဲဖွင့်ပွဲအဖြစ် ယနေ့ပြုလုပ်ရာ၌ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်ပစ္စည်းများနှင့်အတူ မြန်မာကုန်စည်ပြခန်းဆောင်တွင် မြန်မာနိုင်ငံက ပြခန်းပေါင်း ၈၀ ပြသလျက်ရှိသည်။

မြန်မာကုန်စည်ပြခန်းများတွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရေထွက်ကုန်၊ ထောပတ်သီး၊ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်၊ မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ကုန်စည်ပြပွဲဖွင့်ပွဲနေ့တွင် မြန်မာကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်နှီးမြှုပ်နှံမှုနှင့် ခရီးသွားမြှင့်တင်ရေးဖိုရမ်တွင် မြန်မာနှင့် တရုတ်ကုန်သည်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ခြောက်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပူတာအိုမြို့ကို ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်သည့် မြို့ပြတစ်ခုဖြစ်လာစေရေး ကွင်းဆင်းစစ်ဆေး**

စာမျက်နှာ - ၁၆

**ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယခုနှစ်ဩဂုတ်လအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု နှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခု ခွင့်ပြုပေးခဲ့**

စာမျက်နှာ - ၅



**ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာအကျပ်အတည်းဖြစ်စေသော အရင်းခံအကြောင်းတရားများ**

ဆောင်းပါး စာမျက်နှာ - ၁၀




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်

အယ်ဒီတာ့အာဘော်

# အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုသည့် အကြီးမားဆုံးသော အထောက်အပံ့မှာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဟုဆိုရာတွင် အခြေခံအားဖြင့် အဓိကလုပ်ဆောင်ရမည့်အချက်မှာ ပညာစွမ်းရည်ပင်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့် ယနေ့ လူငယ်များအနေဖြင့် ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ပဓာနအကျဆုံးသောအချက်ပင်ဖြစ်သည်။ ပညာစွမ်းရည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အတန်းပညာများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသာမက အမှား၊ အမှန် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာအဆင့်အတန်းပါ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ယနေ့ပညာခေတ်တွင် လူငယ်များသည် အတန်းပညာများ အမှန်တကယ်တိုးတက်မြင့်မားနေကြသော်လည်း မိမိ၏ကိုယ်ပိုင်စွမ်းအားဖြင့် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာ စဉ်းစားဆင်ခြင်တုံတရားများပါ တိုးတက်မြင့်မားလာစေရန် ကြိုးစားကြရမည်ဖြစ်ပေသည်။

ထို့ပြင် ယနေ့လူငယ်အများစုသည် စာပေလေ့လာမှုနည်းပြီး စာဖတ်စွမ်းရည်ကျဆင်းနေသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုသို့ စာဖတ်အားနည်းသော လူငယ်များကို စာဖတ်အားကောင်းသော လူ့စွမ်းအားအရင်းအမြစ်လူငယ်များအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကူညီအားပေးကြရမည်ဖြစ်သည်။ စာဖတ်ခြင်းသည် စိတ်လေလွင့်မှုမရှိခြင်း၊ မကောင်းသောအတွေးအခေါ်များ မတွေးတောခြင်း၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်ခြင်း စသည့် လက်ငင်းအကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင်လည်း ဉာဏ်ရည်မြင့်မားသော လူသားအရင်းအမြစ်များစွာ ပေါ်ပေါက်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။

ယခုအခါ နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအတော်များများတွင် **Online** စာကြည့်တိုက်များ ပေါ်ထွန်းနေပြီဖြစ်သဖြင့် လူငယ်များ စာပေလေ့လာရာတွင် အခက်အခဲမရှိဘဲ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ သို့သော်လည်း တိုးတက်ပြောင်းလဲလာသော နည်းပညာရေစီးကြောင်းထဲတွင် လူငယ်များအနေဖြင့် လွဲမှားသော သင်ယူမှုများဖြင့် နစ်မျောမနေဘဲ မိမိတို့အတွက် အကျိုးရှိပြီး ဘဝမြှင့်တင်ပေးနိုင်သော အသိပညာဗဟုသုတများကို ရှာဖွေစုဆောင်းကာ ဘဝတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချရန် လိုအပ်ပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သော လူငယ်များသည် ပညာရည်မြင့်မားလာစေရန် အတန်းပညာများကို အတန်းစဉ်အလိုက် မြင့်မားတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ အသိဉာဏ်ပညာများ မြင့်မားတိုးတက်အောင်လည်း ပြင်ပဗဟုသုတရှိစေမည့် သုတ၊ ရသစာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ သို့မှသာ အသိဉာဏ်ပညာမြင့်မားတိုးတက်လာပြီး အမှား၊အမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပညာစွမ်းရည်မြင့်မားခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အချက်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ပညာစွမ်းရည်များမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၅၆၃၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်တွေ၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ နယ်ကကော၊ မြို့ပေါ်ကပါ လာရောက်ပြီးတော့ တရားထိုင်သူတွေလဲရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ် ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ နေပူ၊ မိုးရွာတဲ့အခါ ဘုရားဖူးတွေ အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်တွေ ဆောက်လုပ်ပေးထားပါတယ်" ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၅၂၂၁၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၈၉၀ လာရောက် ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၅၃၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံမှထွက်ရှိသည့် ကြက်သွန်နီများကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချသူတွေက အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေးပြန်ပြီးကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ ပထမပတ်က အရောင်းအဝယ်အေးသဖြင့် မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ယနေ့ ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းတဲ့ကြက်သွန်နီတွေပဲ ဖြစ်ပါတယ်" ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့်အောင်ပန်းဒေသတို့မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသတို့မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ အမျိုးအစားအလိုက် တစ်ထုပ်လျှင် ငွေကျပ် ၇၀၀ မှ ၈၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသတွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်တာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးတာကြောင့် ဈေးနှုန်းတွေက ကောင်းသွားတာပါ။ အရောင်းအဝယ်ပိုင်းမှာလဲ ရောင်းကောင်းပါတယ်။ လက်ရှိမှာ ဈေးကို ဂေါ်ဖီထုပ်ကားတွေအနေနဲ့ ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ပုံမှန်ဝင်ပါတယ်" ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေးသီရိမာလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်း၊ ဗိုလ်စားပဲ၊ ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမှတ်တရလက်ရေး

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

အလယ်တန်းကျောင်းသားဘဝထိ အော်တိုဂရပ် ဆိုသောစကားကို မကြားဖူးပါ။ အဘိဓာန်မှာရှာကြည့် လိုက်တော့ အင်္ဂလိပ်လို Autograph ဆိုတာ အမှတ်တရလက်ရေး၊ အမှတ်တရလက်မှတ်၊ အထူးသဖြင့် ကျော်ကြားသူတစ်ဦးရဲ့ အမှတ်တရလက်ရေးတို့၊ လက်မှတ်တို့ပါတဲ့စာအုပ်လို့ တွေ့ရတယ်။ ကိုယ့်ရွာ အလယ်တန်းကျောင်းက ခုနစ်တန်းအောင်တော့ ချောက်မြို့အထက်တန်းကျောင်းမှာ ကျောင်းပြောင်းပြီး ရှစ်တန်းတက်ရတယ်။

ခုနစ်တန်းတက်တုန်းက အတန်းဖော်သူငယ်ချင်း ကျောင်းနေဖက်ရွယ်တူဦးရေ ၄၀ လောက်ထဲက ချောက်မြို့ အထက်တန်းကျောင်း ရှစ်တန်းစာသင်ခန်းကို တက်ရောက်လာနိုင်တာ ငါးယောက်၊ ခြောက်ယောက်လောက်သာ တွေ့ရပါတယ်။ စာမေးပွဲကျလို့ရယ်။ တချို့က ခုနစ်တန်းအောင်ပေမယ့် မိဘက မြို့ကျောင်းကို ဆက်မထားပေးနိုင်ကြတော့လို့ ကျောင်းထွက်သွားကြရရှာပြီ။ ခုနစ်တန်းနဲ့ ဘဝတစ်ခုလုံး ကျောင်းစာသင်တဲ့ဘဝပြီးဆုံးသွားကြပြီ။ အတန်းဖော်သူငယ်ချင်းဟောင်းကနည်းပြီး စဥ့်ကူ၊ ဆိပ်ဖြူ၊ စလေ၊ ငွေးချို ပတ်ဝန်းကျင်အလယ်တန်းကျောင်းတွေက ခုနစ်တန်းအောင်လာကြသူ မျက်နှာစိမ်းအတန်းဖော်တွေနဲ့ တစ်ခန်းတည်းနေရပြီ။ စာရေးသူတို့ ရှစ်တန်း၊ ကိုးတန်းမှာ အတူစာသင်ယူခဲ့ကြရတဲ့သူငယ်ချင်းတွေက အရင်က မတွေ့ဖူး၊ မမြင်ဖူးခဲ့ဘူးမဟုတ်လား။ အချင်းချင်း နာမည်သိအောင်မှတ်နေရတာပဲ မနည်းပါဘူး။ အဲဒီအချိန်မှာ လက်ဝါးလောက်အရွယ် လှလှပပ၊ သပ်သပ်ရပ်ရပ်နဲ့ ပလတ်စတစ်အကြည်အပါးဖုံးထားတဲ့ စာအုပ်လေးတွေ ခေတ်စားတယ်။ အော်တိုစာအုပ် ဆိုပါလား။ Autograph.

ကိုယ့်ကို အော်တိုစာအုပ်ပေးပြီး လက်မှတ်ရယ်၊ နာမည်ရယ်၊ အဲဒီစာမျက်နှာမှာ စာကြောင်းသုံး၊ လေးကြောင်းရေးပေးပါဆိုပြီး မိတ်ဖွဲ့လာတဲ့ မိတ်ဆွေသစ်တွေ အများကြီးတွေ့ရတယ်။ ဘာရယ်မဟုတ်ပါဘူး။ သူများလုပ်တော့ အတုယူပြီးလိုက်လုပ်ကြတဲ့ ဆယ်ကျော်သက်စိတ်ရူးပေါက်တတ်ကြတဲ့ သဘာဝပေါ့။ ကိုယ်လဲ လောကီသား အများနည်းတူရူးတာပေါ့။ သူများကရေးပေးပါပြောလာတဲ့ ပေးသမျှစာအုပ်လေးတွေမှာ ရောင်စုံခဲတံနဲ့ လိပ်ပြာပုံ၊ ပန်းပွင့်ပုံလေးတွေ ဒီဇိုင်းသဘောရေးဆွဲပြီး ကိုယ်စိတ်ထဲပေါ်ရာ၊ မှတ်သားဖူးတာလေးတွေ ရေးပေးလိုက်တာပေါ့။ ပန်းချီဝါသနာပါတဲ့ မိမိအဖို့ ပုံရေးစရာလေ့ကျင့်ခန်းလေးတွေ ရတာပေါ့။ ဟာ အလကားဆိုတော့ ရောင်းကောင်းလှသကိုး။ တစ်ခန်းလုံးက သူငယ်ချင်းအသစ် (အတန်းထဲမှာ ယောကျ်ားလေးတွေချည်းပဲသတ်သတ်) များမှတစ်ဆင့် ဟိုဘက်အခြမ်း စာသင်ခန်း (မိန်းကလေးများသတ်သတ်)များမှ မိန်းကလေးတွေကလည်း သူတို့စာအုပ်မှာ ရေးပေးပါဦးတဲ့။ အော်တိုစာအုပ်တွေ တစ်နေ့တစ်နေ့ ပုံနေတာပဲ။

**“ဖုဋ္ဌဿ လောကဓမ္မေဟိ၊**
**စိတ္တံ ယဿ နကမ္ပတိ”**

အဲဒီလိုရေးပေးလေ့ရှိပါတယ်။ မပြီးတော့ဘူး။ ဟော့ဒါကဘာအဓိပ္ပာယ်လဲ။ ဒီပါဠိရဲ့အနက်ပါ မြန်မာလို ထည့်ရေးပေးပါဦးဆိုတဲ့ကောင်တွေလည်း ရှိသေး။ မင်္ဂလသုတ်ပါဠိတော်ကိုတောင် မြန်မာလိုနားမလည်တဲ့ မောင်တွေကြားထဲ မသိမသာ အနူတောမှာ လူချောဖြစ်နေပါလေရော။

**“လောကဓံကြုံ မတုန်စမ်းနဲ့၊**
**မဖြုံတမ်းကွဲ့ စိတ်ခိုင်စေ”**

တစ်ခါတလေလည်း **“အာရတိ ဝိရတိပါပါ။ မကောင်းမှုဟူသမျှရှောင်ကြဥ်ကြ။ ဝေးဝေးကရှောင်ကြ”** ဆိုပြီး ရေးပေးလိုက်တယ်။ ပုလင်းပုံ၊ ဖန်ခွက်ပုံလေးတွေပါ ဘေးမှာထည့်၊ (သရုပ်ဖော်သဘောပေါ့လေ)။ ကြိုက်ကြတယ်။ ဘာမှတော့ အထူးအဆန်းမဟုတ်ပါဘူး။ ကိုယ်သဘောကျတဲ့အဆိုအမိန့်ကောက်နုတ်ချက်တွေဆို မှတ်လည်းမှတ်တယ်။ ကျက်လည်းကျက်တယ်။ စာရေးဆရာဖြစ်ချင်တဲ့စိတ်က နှိုးဆော်နေတော့ စာဖတ်တာရယ်၊ ပုံရေးတာရယ်၊ ကောင်းနိုးရာရာ တွေ့သမျှ အရူးလွယ်အိတ်လို စုစုထားတဲ့အကျင့်ရယ်။ တစ်ကျောင်းလုံးက သက်တူရွယ်တူ အော်တိုရူးထသူ မှန်သမျှ မိမိလက်ရာမကင်းကြသလောက်ပါပဲ။ အခမဲ့ဝန်ဆောင်ပေးတတ်တဲ့စေတနာ။

**စေတနာ**

သူ့အော်တိုစာအုပ်ထဲမှာ “အမှတ်တရရေးပေးပါ” ဆိုလာတဲ့ ကောင်မလေးတစ်ယောက်ကို ဒီလိုရေးပေး ဖူးခဲ့တယ်။

❖ ကိုယ့်ကို အော်တိုစာအုပ်ပေးပြီး လက်မှတ်ရယ်၊ နာမည်ရယ်၊ အဲဒီစာမျက်နှာမှာ စာကြောင်း သုံး၊ လေးကြောင်းရေးပေးပါဆိုပြီး မိတ်ဖွဲ့လာတဲ့မိတ်ဆွေသစ်တွေ အများကြီးတွေ့ရတယ်။ ဘာရယ်မဟုတ်ပါဘူး။ သူများလုပ်တော့ အတုယူပြီးလိုက်လုပ်ကြတဲ့ ဆယ်ကျော်သက်စိတ်ရူးပေါက်တတ်ကြတဲ့သဘာဝပေါ့။ ကိုယ်လဲလောကီသား အများနည်းတူရူးတာပေါ့။ သူများကရေးပေးပါပြောလာတဲ့ ပေးသမျှစာအုပ်လေးတွေမှာ ရောင်စုံခဲတံနဲ့ လိပ်ပြာပုံ၊ ပန်းပွင့်ပုံလေးတွေ ဒီဇိုင်းသဘောရေးဆွဲပြီး ကိုယ်စိတ်ထဲပေါ်ရာ၊ မှတ်သားဖူးတာလေးတွေ ရေးပေးလိုက်တာပေါ့။ ❖

**“မေးပါ၊**
**တွေးပါ၊**
**ရေးပါ၊**
**ပေးပါ၊ ဓနာမှမတွေ့ဘူး”**

သူငယ်ချင်းတွေဆုံတဲ့အခါ “မင်းရေးတာက ပဟေဠိကျနေတာပဲ။ ဘာအဓိပ္ပာယ်လဲဟ။ ရှင်းပြစမ်းပါဦး”ဆိုတဲ့သူတွေလည်း တွေ့ရပါတယ်။ ဆိုလိုရင်းကို ရှင်းပြရတာပေါ့။ စာရေးဆရာဖြစ်လာတော့ အနယ်နယ်အရပ်ရပ်ကို စာပေဟောပြောပွဲတွေ ရောက်ရပါတယ်။ မြို့ပွဲ၊ တောပွဲ၊ နေ့ပွဲ၊ ညပွဲ၊ ဓမ္မာရုံထဲ၊ စက်ရုံထဲ၊ ခန်းမထဲ၊ စာသင်ကျောင်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ စသဖြင့် အမျိုးစုံပါပဲ။ ဖိတ်ကြားရင် သွားရတာပဲလေ။

တောသူတောင်သားပရိသတ်၊ ရုံးဝန်ထမ်းပရိသတ်၊ စက်ရုံလုပ်သားပရိသတ်၊ ဓမ္မာရုံမှာ ဥပုသ်သည်တွေ၊ အထက်တန်းကျောင်းသား၊ ကျောင်းသူတွေ၊ တက္ကသိုလ်ကောလိပ်ကျောင်းသား၊ ကျောင်းသူတွေ။ တာဝန်အရ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ စစ်တက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်၊ အမျိုးသားယဥ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) စသဖြင့် နယ်ပယ်စုံ၊ အလွှာစုံ၊ အရွယ်စုံ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ရတယ်။

စာပေဟောပြောပွဲပြီးရင် အချို့ပရိသတ်က သူတို့မှာပါလာတဲ့စာအုပ်မှာ လက်မှတ်ရေးထိုးပေးပါ။ အမှတ်တရလေး တစ်ကြောင်း၊ နှစ်ကြောင်းရေးပေးပါ ဆိုပြီး ချဥ်းကပ်လာကြတာမျိုးရှိတယ်။ တချို့ပွဲမှာ တစ်ယောက်၊ နှစ်ယောက်ဆိုပေမယ့် တချို့ပွဲဆို လူတွေဝိုင်းအုံစုပြုံနေတာမျိုးလည်းရှိရဲ့။

လွန်ခဲ့တဲ့ အနှစ် ၆၀ ရှစ်တန်း၊ ကိုးတန်း အထက်တန်းကျောင်းသားဘဝ၊ လွန်ခဲ့တဲ့ အနှစ် ၂၀၊ စာရေးဆရာ၊ ပြန်ကြားရေးညွှန်ကြားရေးမှူးချုပ်ဘဝ၊ သတိတရရေးပေးလေ့ရှိတဲ့ “မေး၊ တွေး၊ ရေး၊ ပေး” ဆိုတဲ့ တိုက်တွန်းချက်လေးခုကို ဆက်လက်ဖော်ပြပါရစေ။ သက်ကြီးစကား သက်ငယ်ကြားပေါ့။ အကျိုးရှိစေရပါမယ်။

**၁။ မေးပါ**

မေးပါဆိုတာက ဘာကိုမေးရမှာလဲ။ မသိတာမေး။ ကလေးတစ်ယောက်လို သိချင်စိတ်ကိုနှိုးဆော်ပါ။ မေးရမယ့်လူကိုရွေးပြီး မရှင်းတာရှိရင်မေး။ မသဲကွဲရင်မေး။ သံသယရှိရင်မေး။ မမှန်ဘူးထင်ရင်မေး။ မြုံစိစိ လုပ်မနေလေနဲ့။ အားမနာနဲ့မေး။ ပွင့်ပွင့်လင်းလင်း မေး။ သိလိုစိတ်ကို အမြဲတစေနှိုးဆော်နေပါ။ ဗဟုသုတရှာဖို့၊ တိုးပွားဖို့ စိတ်အားထက်သန်နေပါစေ။

မသိတာသိအောင် စာလည်းများများဖတ်ရမယ်။ ခရီးလည်းသွားရမယ်။ သိတာ၊ မြင်တာ၊ ကြားတာတွေထဲက မရှင်းတာ၊ နားမလည်တာရှိရင် သက်ဆိုင်ရာကို မေး။ မေးသူမှန်သမျှဟာ တိုးတက်ဖွံ့ဖြိုးနေမှာပါ။

**၂။ တွေးပါ**

ဒီအချက်ဟာ သဘာဝကျရဲ့လား။ အကျိုးနဲ့ အကြောင်းနဲ့ ညီညွတ်ရဲ့လား။ ယုတ္တိယုတ္တာရှိရဲ့လား။ မှန်ကန်တာသေချာရဲ့လား။ ဘယ်လိုတိုက်ဆိုင်စစ်ဆေးမလဲ။ တွေးပါ။ ကိုယ်ပိုင်ဉာဏ်နဲ့ များများတွေးပါ။

ဘာရည်ရွယ်ချက်နဲ့လုပ်နေတာလဲ။
အောင်မြင်နိုင်ခြေ ဘယ်လောက်ရှိလဲ။
အပြောနဲ့အလုပ် ရှေ့နောက်ညီရဲ့လား။
နောက်ကွယ်က စေ့ဆော်တိုက်တွန်းမှုကဘာလဲ။
လုပ်ပုံကိုင်ပုံတွေ စနစ်ကျရဲ့လား။
လမ်းကြောင်းဟာ အခြေခံဥပဒေသတွေနဲ့ ကိုက်ညီပါရဲ့လား။
ဒါပြီးရင် ဘာဆက်ဖြစ်လာမှာလဲ နောင်နှစ်။
နောင်ငါးနှစ်ကြာရင်၊ နောင် ၁၀ နှစ်ကြာရင် ဘာဖြစ်မှာလဲ။
ဟိုလိုဖြစ်ရင် ငါဘာလုပ်မလဲ။
ဒီလိုဖြစ်ရင် ငါဘာလုပ်ထားရမလဲ။
ဘယ်အရာက ပိုပြီးတန်ဖိုးကြီးမားသလဲ။
ဘယ်အချက်က ပိုပြီးအရေးကြီးတာလဲ။

စဥ်းစားတာ၊ တွေးတာက ပိုက်ဆံတစ်ပြားတစ်ချပ်မှပေးစရာမလိုဘဲ စိတ်အလုပ်နဲ့ စွမ်းအားထုတ်လုပ်တာပဲ။ အမြတ်တွေအများကြီးရတယ်။ စနစ်တကျတွေးတတ်၊ စဥ်းစားတတ်အောင် လေ့ကျင့်ပါ။ အောင်မြင်မှုဟူသမျှရဲ့သော့ချက်ဟာ မနောကံအတွေးအပေါ်မှာ အခြေခံတယ်။ အဝီစိသွားမှာလား။ ဘဝဂ် အဂ္ဂနိဗ္ဗာန်သို့ (ဖြဟ္မာ့ပြည်)သွားမှာလား။ ရွေ့ပြေးက အတွေးနော်။

**၃။ ရေးပါ**

လက်ကိုင်ဖုန်းပေါ်မှာရေးတာဟာ အတွေးကို စာလုံးအဖြစ်ချရေးတာပဲဖြစ်လို့ ကောင်းပါတယ်။ ယေဘုယျပြောရရင် အကျိုးရှိပါတယ်။ ကောင်းကျိုးရှိချင်ရင်တော့ မရေးခင်စဥ်းစားပြီးမှ သပ္ပာယသမ္ပဇဉ် ဆိုတဲ့ သင့်၊ မသင့်ဆင်ခြင်ပြီးမှ ရေးရမှာနော်။ သာတ္ထကသမ္ပဇည အကျိုးဆက်ကောင်းမှာ သေချာသလားဆိုတာ ချင့်ချိန်ပြီးမှရေးရင်သာ ကောင်းကျိုးရမှာနော်။

ရေးစေချင်တာက မှန်လည်းမှန်ရမယ်။ ကောင်းလည်းကောင်းရမယ်။ စနစ်လည်းကျရမယ်။ ကောင်းကျိုးအမှန်ရမှာလည်း သေချာတာမျိုးသာ ရေးရမှာဖြစ်တယ်။

(က) မိမိအတွက် အကျိုးရှိမှာဟုတ်ရဲ့လား။
(ခ) ငါ့မိဘဆွေမျိုး၊ လူမျိုး၊ နိုင်ငံကောင်းကျိုးရမှာလား။
(ဂ) လူသားတွေနဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက် ကောင်းကျိုးပါတဲ့စေတနာဟုတ်ပါရဲ့လား။ ဒါမျိုးပဲရေးရမှာ။

ကိုယ့်ဘဝအနာဂတ်အတွက် အစီအစဉ်တွေရေရေရာရာရှိရမယ်။ ရေးဆွဲပါ။ ရေးချထားပါ။ အခါခါအကြိမ်ကြိမ်တည်းဖြတ်ပြင်ဆင်ပြီး လစဥ်၊ နှစ်စဥ်ရေးပါ။

ဆန္ဒတွေဝေဝါးနေသလား။ သဲကွဲအောင်ရေးချလိုက်ပါ။ ဖတ်ပြီးပြန်စစ်၊ ပိုတိကျခိုင်မာအောင်ရေး။ စာရင်းဇယားချရေးပြီး ထပ်ကာထပ်ကာသုံးသပ်ပါ။ စာလုံးပေါင်း၊ သတ်ပုံမှန်အောင်ရေးပါ။ သတ်ပုံကျမ်းနဲ့ အဘိဓာန်တွေရှေ့မှာချထားပြီး အသုံးချပါ။ ဘာပဲရေးရေး အမှားအယွင်းမပါစေနဲ့။ ဟာ သင်ဟာ လူတော်လူချွန်လူမွန်ဖြစ်မယ့်လမ်းပေါ် လျှောက်နေပါပြီ။

“ကျွန်တော်ကတော့ ရေးရမှာပျင်းတယ်”။ အဲဒါ လူဖျင်းပဲ။
ကျွန်မကလေ စာရေးရမှာ သိပ်ဝန်လေးတာပဲ”။ လူညံ့။
စာရေးသူက မီးမောင်းထိုးပြီး လမ်းပြရုံပဲ တတ်နိုင်တာ။

**၄။ ပေးပါ**

ပေးစရာဘာမှမရှိဘူး။ ဘာပေးရမှာလဲ။

စာဖတ်သူမှာ ပေးနိုင်တာ၊ ပေးစရာတွေမှ အများကြီးရှိပြီးသားပါခင်ဗျာ။ ကြီးသူကို အရိုအသေပေးပါ။ (ပမာမခန့်ကလန်ကဆန်တွေလုပ်ပြီး ဒုက္ခမရှာလေနဲ့) ရွယ်တူကိုလေးစားမှုပေးပါ။ (မနာလိုဝန်တိုမဖြစ်နဲ့) ငယ်သူကို စာနာထောက်ထား၊ သနားငဲ့ညှာမှုပေးပါ။ (ကိုယ့်ထက်အားနည်းသူမို့ သူ့ဘဝတိုးတက်မြင့်မားအောင် ကူညီဖေးမ မြှင့်တင်ပေးနေပါ။ အဲဒါဟာ ခေါင်းဆောင်ကောင်းတို့ရဲ့ အလုပ်တစ်ခုပါပဲ)

သင့်ကိုယ်ထဲမှာ သင်မမြင်မိသေးတဲ့ တန်ခိုးဣဒ္ဓိပါဒ် လေးခုတောင်ရှိနေပါတယ်။ အံ့ဩသွားလား။ အဲဒီလေးချက်ကို သင်က ထုတ်လုပ်ပေးလိုက်စမ်းပါ။ မိမိရဲ့မိသားစု၊ ရပ်ရွာ၊ မြို့၊ ပြည်နယ်၊ ဒါမှမဟုတ် တိုင်းဒေသကြီး၊ နိုင်ငံတော်အတွက် ငါကိုယ်တိုင်ပါဝင်ပြီး မေတ္တာစေတနာအရင်းခံနဲ့ အနစ်နာခံစွန့်လွှတ်ပြီး **ပေးဆပ်မယ်၊ ပေးဆက်မယ်။** ဒီလိုသဘောထားမျိုးနဲ့ ဆန္ဒထက်သန်တာ၊ ကြိုးစားလုံ့လဝီရိယကောင်းတာ၊ ဇွဲသတ္တိ မိမိကိုယ်ကို ယုံယုံကြည်ကြည်နဲ့ (စိတ္တာဓိပတိ) စိတ်ခွန်အားရှိထားတာနဲ့ ဝိမံသာဓိပတိလို့ခေါ်တဲ့ ပညာနဲ့ ဗဟုသုတပြည့်ဝတတ်ကျွမ်းသူဖြစ်ပါစေ။ တိုးတက်အောင်မြင်ကြမှာ သေချာပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စည်းကမ်းသည် လူ၏တန်ဖိုး

- စည်းကမ်းသည် လူ့တန်ဖိုး
ဆိုရိုးက ရှိခဲ့ပေ၊
ရှေးအစဉ်လာ ထိုစကားကို
မှတ်သားကြစေ၊
လူ့ဘဝ အထွေထွေ
ရှုပ်ထွေးပွေ အကြောင်းတရား၊
စည်းရှိစွာ နေထိုင်တတ်မှ
သင့်မြတ်နိုင်အား။

- ပြောကြားစေ သူတစ်ပါး
နှုတ်စကား ချိုသာပါ၊
ပြောဆိုပုံ အဆင့်အတန်း
စည်းကမ်းရှိစွာ၊
လောကဌ် သင်ယူစရာ
စည်းကမ်းဟာ ပထမ၊
မှတ်သားဖွယ် မမေ့ထိုက်
လိုက်နာပေးကြ။

- ကောင်းရမည် စာရိတ္တ
အခြေခံစ အသိကြွယ်၊
လူလိမ္မာ လူတော်ဖြစ်ဖို့
ထုဆစ်ကြမယ်၊
ရွှေချယ်သော လမ်းအသွယ်သွယ်
ဖြောင့်ဖို့ကွယ် မလွယ်သေး၊
အဖိုးတန် လောကကြီးကို
ဖန်တီးစို့လေး။ ။

မယ်မင်းခ(စေရာ)

# ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခု ခွင့်ပြုပေးခဲ့

**ပဲခူး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး လုပ်သား ၈၈၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ပဲခူးတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှစ်ခုက အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတစ်ခုက ငွေကျပ် ၂၂၀ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုက လုပ်သား ၈၅၅ ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လအတွင်းမှာ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုပေးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် သုံးခုရှိပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တွေကို ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ် (၆/၂၀၂၃) ကနေ ခွင့်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ လုပ်သား ၈၈၅ ယောက်အတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေရရှိလာမဲ့ လုပ်ငန်းတွေဖြစ်ပြီး တော့ ရင်းနှီးမြှုပ်နှံမှုပမာဏကတော့ ငွေကျပ် ၂၂၀ ဒသမ ၅ သန်းနဲ့ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ပြောပြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၀၉၅ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် ၇၅၂၇၅ ဒသမ ၇၇၅ သန်းထိရှိပြီး စက်မှုလုပ်ငန်းကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ ဟူသည့် ကဏ္ဍကြီးငါးရပ်တွင် လုပ်ငန်းပေါင်း ၃၀ ရှိကာ ကဏ္ဍအသီးသီးရှိ စက်မှုလုပ်ငန်းများတွင် လုပ်သား ၈၅၉၆ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း သိရသည်။

ASH



# ရေကြည်မြို့နယ် သပြေကွင်းကျေးရွာ၌ RBF စီမံကိန်းဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ စစ်ဆေး

**ရေကြည် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စု သပြေကွင်းကျေးရွာ၌ ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ခရိုင်တာဝန်ရှိသူများ၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆွေ၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်မြတ်စုဟန်တို့က ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ဆောင်ရွက်နေသည့် CP ဝက်မွေးမြူရေးလုပ်ငန်းများ၊ နွားစိုက်ပျိုးရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ရေးသွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ကျေးရွာကော်မတီဝင်များကို မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်ပေါ်တတ်သည့် တိရစ္ဆာန်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အကြံပြုပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာတွင်း လမ်းတိုးချဲ့ဆောင်ရွက်မည့်နေရာများ၊ ကျေးရွာဆိုင်းဘုတ်တည်ဆောက်မည့်နေရာနှင့် ကျေးရွာစွန့်ပစ်အမှိုက်ကန်သွားလမ်းဆောင်ရွက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးအတည်ပြုဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

**တေဇာလင်း**

# ကံမမြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် လက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ထန်းတပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၆ ဒသမ ၁၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူဦးရေ ၈၀၊ မွေးမြူရေးလုပ်ကိုင်သူဦးရေ ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၁၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘ်လူ၊**

# နိုင်ငံတကာ သတင်းများ

## တူရကီနိုင်ငံသည် လိုအပ်လျှင် ဥရောပသမဂ္ဂနှင့်လက်တွဲဖြုတ်နိုင်ကြောင်း သမ္မတအာဒိုဂန် သတင်းထောက်များကို ပြောကြား



**အင်ကာရာ အောက်တိုဘာ ၁၇**

တူရကီနိုင်ငံ အနေဖြင့် လိုအပ်လာပါက ဥရောပသမဂ္ဂနှင့် လက်တွဲဖြုတ်နိုင်ကြောင်း သမ္မတအာဒိုဂန်က စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂ၌ တူရကီကို အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပေးရေးနှင့် ပတ်သက်၍ ဥရောပပါလီမန်အစီရင်ခံစာဆိုင်ရာ သတင်းထောက်များ၏မေးခွန်းများကို တူရကီသမ္မတက အဆိုပါအတိုင်း တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ၌ တူရကီကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းရေး လုပ်ငန်းစဉ်ကို လက်ရှိအခြေအနေများအရ ပြန်လည်တင်သွင်း၍မရနိုင်ဘဲ ဥရောပသမဂ္ဂနှင့်တူရကီတို့ကြား ဆက်ဆံရေးအတွက် လက်တွေ့ကျသည့်မူဝါဒများရှာဖွေရန် ယခုရက်သတ္တပတ်အစောပိုင်းတွင် ထုတ်ပြန်ထားသော ဥရောပပါလီမန်အစီရင်ခံစာ၌ သုံးသပ်ထားသည်။

တူရကီနိုင်ငံသည် တရားဝင် အဖွဲ့ဝင်လောင်း တစ်ဦးအဖြစ် ဥရောပသမဂ္ဂသို့ ဝင်ရောက်နိုင်ရေးအတွက် တရားဝင်အဖွဲ့ဝင်လောင်းနိုင်ငံတစ်နိုင်ငံအဖြစ် ၂၄ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်။

သို့သော် တူရကီပြည်တွင်း လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့်ပတ်သက်၍ တူရကီအား ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် ထည့်သွင်းရေးလုပ်ငန်းစဉ်မှာ ရပ်တန့်နေခဲ့ရသည်။

ဥရောပသမဂ္ဂအနေဖြင့် အဆိုပါအစီရင်ခံစာအရ တူရကီနှင့် လက်တွဲဖြုတ်ရန် ကြိုးပမ်းနေသည့်သဘောရှိရာ တူရကီနိုင်ငံအနေဖြင့်လည်းလိုအပ်ပါက ဥရောပသမဂ္ဂနှင့် လက်တွဲဖြုတ်နိုင်သည်ဟု သမ္မတအာဒိုဂန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : CNA

Trs : KKO

## ကျူးဘားအပေါ် ကုန်သွယ်ရေးပိတ်ဆို့ထားမှု ဘရာဇီးသမ္မတ အမေရိကန်နိုင်ငံကို ဝေဖန်

**ဟာဗားနား အောက်တိုဘာ ၁၇**

ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ကုန်သွယ်ရေးပိတ်ဆို့မှုပြုလုပ်ထားခြင်းသည် တရားမဝင်လုပ်ရပ်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက စက်တင်ဘာ ၁၆ ရက်တွင် ဝေဖန်လိုက်သည်။

ထို့ပြင် ကျူးဘားနိုင်ငံကို အကြမ်းဖက်ဝါဒ အားပေးအားမြှောက်ပြု နိုင်ငံများစာရင်းအတွင်းထည့်သွင်းထားသည့်အတွက်လည်း အမေရိကန်နိုင်ငံကို ဘရာဇီးသမ္မတက ဝေဖန်ခဲ့သည်။

ဟာဗားနားမြို့တော်၌ ကျင်းပသည့် G77 + တရုတ်ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ကျူးဘားနိုင်ငံသို့ရောက်ရှိချိန်တွင် ဘရာဇီးသမ္မတက အဆိုပါအတိုင်း အမေရိကန်နိုင်ငံကို ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် အမေရိကန်နိုင်ငံသည် ကျူးဘားနိုင်ငံကို အကြမ်းဖက်ဝါဒအားပေးအားမြှောက်ပြု နိုင်ငံများစာရင်းသို့ ထည့်သွင်းခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင် ဦးဆောင်သည့် လက်ရှိအမေရိကန်အစိုးရအဖွဲ့ကမူ ကျူးဘားနိုင်ငံအပေါ် သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက် အရေးယူပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးထားသော်လည်း အကြမ်းဖက်ဝါဒ အားပေးအားမြှောက်ပြု နိုင်ငံများစာရင်းမှ ထုတ်ပယ်ပေးခြင်းမရှိသေးကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် G77 + တရုတ်ထိပ်သီးညီလာခံ တက်ရောက်ပြီးပါက ကုလသမဂ္ဂအထွေထွေညီလာခံဆွေးနွေးပွဲများ တက်ရောက်ရေးအတွက် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

Ref : The Strait Time

Trs : KKO



## ရုရှားနိုင်ငံကိုလိုလားသည့် ချက်ပြည်သူရာပေါင်းများစွာတို့က လက်ရှိ ချက်အစိုးရမူဝါဒများကို ဆန္ဒပြ

**အန်ဂျမ်နာ အောက်တိုဘာ ၁၇**

ရုရှားနိုင်ငံကိုလိုလားသည့်အတိုက်အခံပါတီကိုထောက်ခံကြသည့် ချက်ပြည်သူရာပေါင်း များစွာတို့သည် စက်တင်ဘာ ၁၆ ရက်တွင် လက်ရှိချက်အစိုးရကို ဆန္ဒပြခဲ့ကြသည်။

အဆိုပါဆန္ဒပြပွဲကို ပီအာရ်အိုလွှပ်ရှားမှုပါတီအမည်ရှိ အတိုက်အခံပါတီက စီစဉ်ခဲ့ခြင်းဖြစ်သည်။

ပီအာရ်အိုလွှပ်ရှားမှုပါတီသည် ရုရှားနိုင်ငံကိုလိုလားသည့် အမျိုးသားရေးဝါဒီပါတီဖြစ်ပြီး အနောက်အုပ်စုဆန့်ကျင်ရေး သဘောထားကိုင်စွဲထားသော ချက်အတိုက်အခံပါတီဖြစ်သည်။

စက်တင်ဘာ ၁၆ ရက်တွင် ပရဂ်မြို့၌ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ဆန္ဒပြသမားများက လက်ရှိချက်အစိုးရ၏စီးပွားရေးစီမံခန့်ခွဲမှုအမှားများနှင့် ယူကရိန်းအားစစ်ရေးအရကူညီနေမှုတို့ကို ဝေဖန်ခဲ့ကြသည်။

လက်ရှိချက်အစိုးရခေါင်းဆောင်များသည် ပြည်ပအင်အားကြီးနိုင်ငံများ၏ ရုပ်သေးရုပ်များသာဖြစ်ရာ မိမိတို့အနေဖြင့် လက်ရှိရုပ်သေးအစိုးရကိုအလိုမရှိကြောင်းပီအာရ်အိုလွှပ်ရှားမှုပါတီ ခေါင်းဆောင် ဂျင်းဒရစ်ချ်ရိုက်ချ်က ဆန္ဒပြပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အုပ်စုသို့ ဝင်ရောက်ရန် ယူကရိန်း၏ကြိုးပမ်းမှုများကိုလည်း ချက်သမ္မတနိုင်ငံအနေဖြင့် ဗီတိုအာဏာသုံး၍ တားဆီးသင့်သည်ဟု ပီအာရ်အိုလွှပ်ရှားမှုပါတီအကြီးအကဲက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : CNA

Trs : KKO

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားနိုင်ငံမှ ပြန်လည်ထွက်ခွာ

**မော်စကို အောက်တိုဘာ ၁၇**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယနေ့တွင် ရုရှားခရီးစဉ်ကိုအဆုံးသတ်၍ မြောက်ကိုရီးယားသို့ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်လိုက်ပါသွားသော အထူးရထားသည် ရုရှားအရှေ့ဖျားမြို့ဖြစ်သည့် အာတီယွန်မြို့ဘူတာရုံမှ တစ်ဆင့် မြောက်ကိုရီးယားသို့ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်သည်။

အာတီယွန်မြို့နှင့် ရုရှား-မြောက်ကိုရီးယားနယ်စပ်ရှိ ရုရှားရထားဘူတာရုံတစ်ရုံဖြစ်သော ခါဆန်ဘူတာတို့အကြား အကွာအဝေးမှာ ၁၂၄ မိုင်ရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၁၃ ရက်တွင် အထူးရထားနှင့်ပင် ရုရှားနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရုရှားသမ္မတပူတင်အပါအဝင် ရုရှားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားမီဒီယာများ၏အဆိုအရ ရုရှားနိုင်ငံခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားထိပ်တန်းတာဝန်ရှိသူများသည် နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံခရီးစဉ်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အတွက် လေးနှစ်ကျော်ကြာကာလအတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Tass

Trs : KKO

## ဘရာဇီးမြောက်ပိုင်း၌ လေယာဉ်ပျက်ကျမှုဖြစ်ပွား ခရီးသည် ၁၂ ဦးနှင့် လေယာဉ်မှူး နှစ်ဦး သေဆုံး

**ရီယိုဒီဂျနေရိုး အောက်တိုဘာ ၁၇**

ဘရာဇီးနိုင်ငံ မြောက်ပိုင်း အမေဇုံးနက်စ်ပြည်နယ်၌ စက်တင်ဘာ ၁၆ ရက်က ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူပေါင်း ၁၄ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။





အဆိုပါလေယာဉ်သည် အမေဇုံးနက်စ်ပြည်နယ် မြို့တော်ဖြစ်သည့် မားနော့စ်မြို့မှ ၂၄၈မိုင်ခန့်အကွာ ဘာစီးလော့စ်ဒေသ၌ ပျက်ကျခဲ့ရခြင်းဖြစ်သည်။

လေယာဉ် ပျက်ကျမှုကြောင့် လိုက်ပါသွားသူ ခရီးသည် ၁၂ ဦးနှင့် လေယာဉ်မှူးနှစ်ဦးတို့သေဆုံးခဲ့ရသည်ဟု ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အမ်ဘရေဇာ ဘင်ဒိုင်ရန်တီအမျိုးအစား အဆိုပါခရီးသည်တင်လေယာဉ်ငယ်သည် ဆင်းသက်မည့်အချိန်တွင် လမ်းကြောင်းအယူမှားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း ဘရာဇီးတာဝန်ရှိသူများက ယူဆထားသည်။

ယင်းလေယာဉ် ပျက်ကျချိန်သည် အမေဇုံးနက်စ်ပြည်နယ် တစ်ဝန်း၌ မိုးများပြင်းထန်စွာ ရွာသွန်းလျက်ရှိသည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျမှု နောက်ခံအကြောင်းရင်းကို ဖော်ထုတ်ရေးအတွက် ဘရာဇီးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : The Sun

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက အလင်းဝင်ပေါက်အကျယ်အဝန်း မီတာ ၄၀ ရှိ ရေဒီယိုတယ်လီစကုပ်ကို တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ စတင်တည်ဆောက်နေ



**ပေကျင်း အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံသည် အလင်းဝင်ပေါက်အကျယ်အဝန်း မီတာ ၄၀ ရှိ ရေဒီယိုတယ်လီစကုပ် တစ်ခုကို တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ စက်တင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကို တရုတ်သိပ္ပံအကယ်ဒမီ လက်အောက်ခံ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ရှန်ဟိုင်းနက္ခတ္တရူပဗေဒ လေ့လာရေးဌာနက တည်ဆောက်နေခြင်းဖြစ်သည်။

လကမ္ဘာလေ့လာရေးမစ်ရှင်များနှင့် အခြားအာကာသဟင်းလင်းပြင် အဝေးမစ်ရှင်များကို အထောက်အပံ့ပေးရေးအတွက် ၎င်းရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံက တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကို VLBI ခေါ် အာကာသဟင်းလင်းပြင်လေ့လာရေး ရေဒီယိုတယ်လီစကုပ်ကွန်ရက်တွင် ထည့်သွင်းရန် တရုတ်သိပ္ပံအကယ်ဒမီက စီစဉ်ထားသည်။

VLBI ကွန်ရက်၏ ရေဒီယိုတယ်လီစကုပ်စနစ်များကို တရုတ်နိုင်ငံက ပေကျင်းမြို့၊ ရှန်ဟိုင်းမြို့၊ အူရန်ကြယ်မြို့နှင့် ခွန်မင်းမြို့တို့တွင်လည်း တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် VLBI ကွန်ရက်အတွက် ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုကိုလည်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် တည်ဆောက်ရန် တရုတ်သိပ္ပံအကယ်ဒမီက စီစဉ်ထားကြောင်း သိရသည်။

**Ref:China Daily**
**Trs:KKO**

# HEALTH

## ပါကင်ဆန်ရောဂါ၏ အစောဆုံးလက္ခဏာများက ယခင်ရောဂါလက္ခဏာများနှင့်ခြားနားနေ

**နယူးယောက် အောက်တိုဘာ ၁၇**

ပါကင်ဆန်ရောဂါ၏ အစောဆုံး ရောဂါလက္ခဏာများသည် ယခင်ယုံကြည်ထားသည့် ရောဂါလက္ခဏာများနှင့် ခြားနားနေကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ ပါကင်ဆန်ရောဂါ၏ ပထမဆုံး ရောဂါလက္ခဏာများသည် အာရုံနာ့ဗ်ဆဲလ်များ၏ ဆဲလ်လမ်းဆုံ (Neural Synapses) များလုပ်ငန်းစဉ်ဖောက်ပြန်မှု ဖြစ်နိုင်ကြောင်း သိရသည်။

ပါကင်ဆန်ရောဂါ၏ အစောဆုံးလက္ခဏာသည် ဒိုပါမိုင်းဓာတုပစ္စည်းထုတ် အာရုံနာ့ဗ်ဆဲလ်များ (Dopaminergic Neurons) များ ပျက်စီးမှုဖြစ်ကြောင်း ယခင်က နားလည်လက်ခံခဲ့ကြသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ပါကင်ဆန်ရောဂါ၏ အစောဆုံးရောဂါလက္ခဏာများမှာ Neuron Synapses များ လုပ်ငန်းစွမ်းဆောင်ရည် ပျက်စီးမှုဖြစ်နိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Neuron Synapses ဆဲလ်လမ်းဆုံများသည် ပါကင်ဆန်ရောဂါကို ကုသရေးအတွက် ဖြစ်နိုင်ခြေရှိသည့် လမ်းကြောင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပါကင်ဆန်ရောဂါသည် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းကြား ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာဖြစ်ကြောင်း သိရသည်။

**Ref:Health Day News**
**Trs:KKO**


## လမျက်နှာပြင်ပေါ်၌ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုထားရှိခဲ့ပါက အာကာသဟင်းလင်းပြင်ကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်ထက်ပို၍ ထိုးဖောက်လေ့လာနိုင်ဖွယ်ရှိ

**ပဲရစ် အောက်တိုဘာ ၁၇**

လမျက်နှာပြင်ပေါ်၌ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုထားရှိခဲ့ပါက အာကာသဟင်းလင်းပြင်ကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ထက်ပို၍ ထိုးဖောက်လေ့လာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

လပေါ်၌စွမ်းဆောင်ရည် မြင့်မားသည့် ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခု ထားရှိခြင်းဖြင့် လက်ရှိအသုံးပြုဆဲ မြေပြင်နှင့် အာကာသအခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်များဖြင့် လေ့လာနိုင်မှုမရှိသော အာကာသဖြစ်စဉ်များကို လေ့လာနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ပြင်သစ်သိပ္ပံပညာရှင်များ၏ အဆိုပြုချက်တစ်ရပ်အရ လကမ္ဘာဝင်ရိုးစွန်းနယ်မြေတစ်ခုခုရှိ မှောင်ရိပ်အမြဲတမ်းကျနေသော ဥက္ကာချိုင့်ဝှမ်းတစ်ခုအတွင်း အလင်းဝင်ပေါက်အကျယ် ၄၂ မီတာရှိသည့် အနီအောက်ရောင်ခြည် ရေဒီယိုတယ်လီစကုပ်တစ်ခု ထားရှိခြင်းဖြင့် အာကာသဟင်းလင်းပြင်ကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ထက်ပို၍ ထွင်းဖောက်လေ့လာနိုင်မည်ဖြစ်သည်။



ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် လွှတ်တင်ခဲ့သော ကမ္ဘာ့စွမ်းဆောင်ရည် အမြင့်ဆုံး အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပင်မအလင်းစုမှန်မှာ အချင်း ၆ ဒသမ ၅ မီတာရှိပြီး လကမ္ဘာရေဒီယိုတယ်လီစကုပ်၏ ပင်မအလင်းစုမှန်မှာ အချင်း ၁၃ မီတာထိရှိမည်ဖြစ်ရာ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ် လေ့လာနိုင်မည့် နယ်မြေထက် လေးဆပိုကြီးသော အာကာသနယ်မြေများကို လေ့လာနိုင်မည်ဖြစ်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref:Space.Com**
**Trs:KKO**

## GERD ရှိနေသူများတွင် အစာပြွန်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားမှုမရှိ

**တောင့်ဟုမ်း အောက်တိုဘာ ၁၇**

အစာအိမ်အက်စစ်ဆန်တက်မှုပြဿနာ(GERD) ရှိနေသူအများစုတွင် အစာပြွန်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားမှုမရှိကြောင်း ဆွီဒင် သုတေသနပညာရှင်များက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

GERD ပြဿနာရှိနေသူများ၌ အစာပြွန်ကင်ဆာ ဖြစ်နိုင်ခြေမြင့်မားနေနိုင်ကြောင်း ရှေးယခင်က မှတ်ယူခဲ့ကြသည်။


သို့ရာတွင် ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GERD ပြဿနာရှိသူအများစုမှာ အခြားပုံမှန်လူများကဲ့သို့ပင် အစာပြွန်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားမှုမရှိကြောင်း သိရသည်။

ဆွီဒင်သုတေသနပညာရှင်များသည် အစာအိမ်အက်စစ်ဆန်တက်မှု ပြဿနာရှိသော်လည်း အစာပြွန်ကင်ဆာမရှိသူများနှင့် အစာပြွန်ထိခိုက်ဒဏ်ရာရှိသူ စုစုပေါင်း ဦးရေ ၅၀၀၀၀၀ ခန့်ကို အချိန်ယူလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ အက်စစ်ဆန်တက်မှုပြဿနာနှင့် အစာပြွန်ဒဏ်ရာရထားသူများတွင် အစာပြွန်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားမှုမရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အစာအိမ်အက်စစ်ဆန်တက်မှုပြဿနာကြောင့် အစာပြွန်အနားသတ်များ ဒဏ်ရာများပေါ်ထွက်လာပြီး အစာပြွန်ကင်ဆာဖြစ်နိုင်ခြေများလာနိုင်ကြောင်း ယခင်က ယုံကြည်ခဲ့ကြကြောင်း သိရသည်။

**Ref:Health Day News**
**Trs:KKO**



## အိန္ဒိယအာကာသအေဂျင်စီအနေဖြင့် အာကာသယာဉ်မှူးများလိုက်ပါမည့် အာကာသမစ်ရှင်အတွက် အဓိကစမ်းသပ်မှုတစ်ရပ် လာမည့်လအတွင်းပြုလုပ်နိုင်မည်

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယ အာကာသအေဂျင်စီအနေဖြင့် အာကာသယာဉ်မှူးများလိုက်ပါမည့်အာကာသမစ်ရှင်အတွက် အဓိကစမ်းသပ်မှုတစ်ရပ်ကိုလာမည့်လအတွင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသည် ဂါဂန်ယန်းအမည်ရှိမစ်ရှင်ဖြင့် အာကာသယာဉ်မှူးများကို အာကာသဟင်းလင်းပြင်အတွင်း စေလွှတ်ရန် ရည်မှန်းထားသည်။

ဂါဂန်ယန်းမစ်ရှင်အရ အိန္ဒိယနိုင်ငံသည် အာကာသယာဉ်မှူး သုံးဦးလိုက်ပါနိုင်သော အာကာသယာဉ်တစ်စင်းတည်ဆောက်၍ ၎င်းအာကာသယာဉ်မှူးများကို ကမ္ဘာ့မြေပြင်အထက် မိုင် ၂၅၀ အကွာ၌ ပတ်လမ်းပေါ်သို့ သုံးရက်ကြာ ပို့ဆောင်ရန် စီစဉ်ထားသည်။

ထို့နောက် ဂါဂန်ယန်းမစ်ရှင် အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးများနှင့်အတူ အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အိန္ဒိယ အာကာသအေဂျင်စီသည် အာကာသယာဉ်မှူးများအတွက် အသက်ဘေးလွတ်မြောက်မှုစနစ်ကို အောက်တိုဘာလအတွင်း စမ်းသပ်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

အိန္ဒိယ အမျိုးသားအာကာသအေဂျင်စီသည် ဂါဂန်ယန်းမစ်ရှင်အတွက် အိန္ဒိယရူပီး ၉၀ ဒသမ ၂၃ ဘီလီယံခန့်သုံးစွဲရန် စီစဉ်ထားကြောင်း သိရသည်။

**Ref:PTI**
**Trs:KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# လိုင်ယွန်အသင်းက အီတလီခံစစ်ကစားသမားဟောင်း ဂရော့ဆိုကို နည်းပြသစ်ခန့်အပ်

**မက်ဒရစ် စက်တင်ဘာ ၁၇**

လိုင်ယွန်အသင်းသည် အသင်း၏ လစ်လပ်နေသည့် နည်းပြရာထူးအတွက် အီတလီအသင်း ခံစစ်ကစားသမားဟောင်း ဂရော့ဆိုကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ၍ နည်းပြသစ် ခန့်အပ်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နည်းပြ ဂရော့ဆိုနှင့် လိုင်ယွန်အသင်းတို့အကြား သဘောတူညီချက်တွင် လာမည့် ၂၀၂၄ ဇွန် ၃၀ ရက်ထိ စာချုပ်ချုပ်ဆိုခဲ့သော်လည်း အဆိုပါစာချုပ်တွင် တစ်နှစ် သက်တမ်းတိုးနိုင်မည့် သဘောတူညီချက်ပါဝင်ခဲ့ပြီး လိုင်ယွန်အသင်းအနေဖြင့် ဂရော့ဆိုကစားသမားဘဝ အတွေ့အကြုံများကို ယုံကြည်ခဲ့သောကြောင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြဂရော့ဆိုသည် ကစားသမားဘဝက ပါလာမိုအသင်းနှင့် အင်တာမီလန်အသင်းတို့တွင်ကစားခဲ့စဉ်က အောင်မြင်မှုများရရှိခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ လိုင်ယွန်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇၈ ပွဲပါဝင်ခဲ့ပြီး ဆုဖလားနှစ်လုံးရယူနိုင်ခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့ ထပ်မံပြောင်းရွှေ့၍ သုံးနှစ်အကြာတွင် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

ထို့နောက် ၂၀၁၄ ခုနှစ်တွင် နည်းပြလောကသို့စတင်ဝင်ရောက်ခဲ့ကာ ဂျူဗင်တပ် ယူ-၁၉ အသင်းကို တာဝန်ယူခဲ့ပြီးနောက် ဘာရီအသင်း၊ ဗီရိုနာအသင်း၊ ဘရက်ရှားအသင်း၊ ဆီယွန်အသင်း၊ ဖရိုစီဝမ်းအသင်းတို့ကိုကိုင်တွယ်ခဲ့ကာ လက်ရှိတွင် လိုင်ယွန်အသင်း၏ကမ်းလှမ်းမှုကိုလက်ခံ၍ ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ပြီး ယနေ့ယှဉ်ပြိုင်မည့် လီဟာဗေးအသင်းနှင့်ပွဲစဉ်ကို လာရောက် ကြည့်ရှုမည်ဖြစ်သော်လည်း လာမည့်ရက်သတ္တပတ်မှသာ အသင်းနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**






# ပရီးမီးယားလိဂ်သမိုင်းတွင် ပြိုင်ပွဲတစ်ရက်အတွင်း အဝါကတ်အများဆုံးပြသခဲ့သည့် စံချိန်သစ်တင်









**လန်ဒန် စက်တင်ဘာ ၁၇**

ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်က ကစားခဲ့သည့် ပရီးမီးယားလိဂ် ပွဲစဉ်(၅)တွင် ပြိုင်ပွဲတစ်ရက်အတွင်း အဝါကတ် ၄၄ ကြိမ်ထိ ပြသခဲ့သောကြောင့် အဝါကတ်အများဆုံးပြသခဲ့သည့် နေ့ရက်အဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၁၉၉၈ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ကစားခဲ့သည့်ပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်ရက်အတွင်း အဝါကတ် ၄၃ ကတ်ထိ ပြသခဲ့သောကြောင့် အဝါကတ်အများဆုံး စံချိန်သစ်တင်ခဲ့သော်လည်း ယခု ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ၌ ပြိုင်ပွဲတစ်ရက်တွင် အဝါကတ် ၄၄ ကြိမ်ထိ ပြသခဲ့သဖြင့် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်များတွင် စပါးအသင်းနှင့်ရှက်ဖီးလ်(ယူ)အသင်းတို့ပွဲစဉ်တွင် အဝါကတ် ၁၃ ကတ်ထိ ပြသခံခဲ့ရပြီး ပြိုင်ပွဲတစ်ပွဲအတွင်း အဝါကတ်ပြသခံရမှု အကြိမ်ရေအများဆုံးအဖြစ် ရပ်တည်ခဲ့ပြီး အဆိုပါပွဲစဉ်အပါအဝင် ယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ခုနစ်ပွဲတွင် အဝါကတ်စုစုပေါင်း ၄၄ ကတ်ထိရှိခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲများတွင် လေလွင့်ချိန်များကို ထည့်သွင်းရေတွက်၍ အချိန်ပိုပေးခဲ့မှုများကြောင့် ပွဲကစားချိန်ရှည်လျားခဲ့ပြီး အဝါကတ်ပြသမှုများလာသကဲ့သို့ စပါးအသင်းနှင့်ရှက်ဖီးလ်(ယူ)အသင်းပွဲစဉ်နှင့် အေဗီလာအသင်းနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် အချိန်ပို ၁၂ မိနစ်ကျော်ခွင့်ပြုခဲ့ပြီး စပါးအသင်းနှင့် အေဗီလာအသင်းတို့မှာ အချိန်ပိုသွင်းဂိုးများကြောင့် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ဘာစီလိုနာအသင်းတွင် မက်ဆီထွက်ခွာပြီးနောက် ပြစ်ဒဏ်ဘောမှ ဂိုးသွင်းယူနိုင်သည့်ကစားသမား ဖာရန်တောရက်စ် ဖြစ်လာ

**ဘာစီလိုနာ စက်တင်ဘာ ၁၇**

ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို ငါးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ဂိုးသွင်းယူနိုင်သည့် ကွင်းလယ်ကစားသမား ဖာရန်တောရက်စ် အနေဖြင့် တိုက်စစ်မှူး မက်ဆီနောက်ပိုင်း အလွတ်တည်ကန်ဘောမှ ပထမဆုံး ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ပထမပိုင်းပွဲချိန်တွင် ဘက်တစ်အသင်းကို သုံးဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၆၂ မိနစ်တွင် ဖာရန်တောရက်စ်က ဂိုးနှင့် ကိုက် ၂၀ ကျော်အကွာမှ ပြစ်ဒဏ်ဘောကိုတိုက်ရိုက်ကန်သွင်းခဲ့ရာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောကြောင့် ၂၀၂၁ ခုနှစ်က ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီကန်သွင်းခဲ့သည့် သွင်းဂိုးနောက်ပိုင်း ပထမဆုံးအကြိမ် ပြစ်ဒဏ်ဘောမှဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၂၀၂၁ ခုနှစ် ဩဂုတ်လက မက်ဆီထွက်ခွာခဲ့ပြီးနောက် နှစ်နှစ်တာကာလအတွင်း ဂိုးရေးယားနှင့် အနီးတစ်ဝိုက်တွင် ပြစ်ဒဏ်ဘော ၄၁ ကြိမ်ထိ ကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးရခဲ့ခြင်းမရှိဘဲ ယခုအခါ ဖာရန်တောရက်စ်က ဂိုးရေးယားနှင့် ကိုက် ၂၀ အကွာ ပြစ်ဒဏ်ဘောမှ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဘက်တစ်အသင်းနှင့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် ဦးဆောင်ဂိုးများကို ဂျာအိုဖီးလစ်၊ လီဝမ်ဒေါ်စကီး၊ ဖာရန်တောရက်စ်၊ ရာဖင်ဟာနှင့် ကန်ဆယ်လိုတို့က သွင်းယူနိုင်ခဲ့ပြီး အပြောင်းအရွှေ့ပိတ်သိမ်းခါနီးမှ ခေါ်ယူထားသည့် ကန်ဆယ်လိုနှင့် ဂျာအိုဖီးလစ်တို့ နှစ်ဦးစလုံး ဂိုးသွင်းယူနိုင်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ငါးပွဲအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၁)နေရာသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ဂျူဗင်တပ်အသင်းက ပေါ့ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းရန် ၎င်း၏အေးဂျင့်ဖြစ်သူနှင့် တရားဝင်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- ပီအက်စ်ဗွီအသင်း ကစားသမားဒရက်စ်လာ ကာတာကလပ်အယ်အာလီအသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- စပါးအသင်းကို အချိန်ပိုသွင်းဂိုးများဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်တွင်နိုင်ပွဲမရသေးသည့် နည်းပြ ဟက်ကင်းဘော်တွန်ကိုထုတ်ပယ်၍ နည်းပြဟောင်း ခရစ်ဝိုင်ဒါကို ပြန်လည်ခန့်အပ်ရန် ရှက်ဖီးလ်(ယူ)အသင်းက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

### အီတလီစီးရီးအေ ပွဲစဉ် (၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၀ | - | ၀ | အူဒီးနီးစ် |
| ဖရိုစီဝမ်း | ၄ | - | ၂ | ဆက်ဆူအိုလို |
| မွန်ဇာ | ၁ | - | ၁ | လက်ချီ |
| ဖီအိုရင်တီးနား | ၃ | - | ၂ | အတ္တလန်တာ |

(၀၄၀)

# မန်ယူအသင်းသမိုင်းတစ်လျှောက် ရာသီအစငါးပွဲတွင် သုံးပွဲရှုံးနိမ့်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် တန်ဟတ် မှတ်တမ်းဝင်


**မန်ချက်စတာ စက်တင်ဘာ ၁၇**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် စက်တင်ဘာ ၁၆ ရက်က ကစားခဲ့သည့် မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်တွင် မန်ယူအသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်းသမိုင်းတစ်လျှောက် ရာသီအစငါးပွဲတွင် သုံးပွဲရှုံးနိမ့်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားလျက်ရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ငါးပွဲကစားပြီးချိန်တွင် ဝုဖ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ကိုအနိုင်ရရှိခဲ့သော်လည်း စပါးအသင်း၊ အာဆင်နယ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် စပါးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးဂိုးမရှိ၊ အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးနှင့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် နည်းပြတန်ဟတ်အနေဖြင့်လည်း ရာသီအစငါးပွဲတွင်သုံးပွဲရှုံးနိမ့်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ၁၉၇၄ ခုနှစ်နောက်ပိုင်း ရာသီအစ အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ခြင်း မရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ကို အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့်အပြင် ၁၉၇၉ ခုနှစ်နောက်ပိုင်း လေးပွဲဆက်တစ်ဂိုးနှင့်အထက် ပိုမိုပေးခဲ့ရသည့် မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။



**Ref : The Mirror**
**Trs : STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးအာဖရိက ကစားသမားအဖြစ် လီဗာပူးအသင်းမှ ဆာလာဟ် စံချိန်သစ်တင်



**လန်ဒန် စက်တင်ဘာ ၁၇**

လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်သည် စက်တင်ဘာ ၁၆ ရက်တွင် လီဗာပူးအသင်းနှင့်ဝုစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၌ ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး အာဖရိက ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ်ကစားခဲ့သည့် လီဗာပူးအသင်းက ဝုစ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်အနေဖြင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင်သွင်းယူခဲ့သည့် ဂက်ပို၏သွင်းဂိုးနှင့် ပွဲချိန် ၈၅ မိနစ်တွင် ရော်ဘင်ဆန် သွင်းယူခဲ့သည့်သွင်းဂိုး နှစ်ဂိုးကို ဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် မန်စီးတီးအသင်းကစားသမားဟောင်း မာရက်ဇ်ကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးအာဖရိက ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ဆာလာဟ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ဝုစ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် စုစုပေါင်း ဂိုးဖန်တီးမှုအကြိမ် ၆၃ ကြိမ်ထိရှိလာခဲ့ပြီး မန်စီးတီးအသင်း ကစားသမားဟောင်း မာရက်ဇ်၏ စံချိန်ကို နှစ်ကြိမ်အသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး အာဖရိက ကစားသမားများစာရင်းတွင် ဆာလာဟ်၏နောက်၌ မာရက်ဇ်က ၆၁ ကြိမ်၊ ချဲလ်ဆီးအသင်းကစားသမားဟောင်း ဒရော့ဘာက ၅၅ ကြိမ်၊ လီဗာပူးအသင်းကစားသမားဟောင်း မာနေးက ၃၈ ကြိမ်၊ မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်း ကစားသမားဟောင်း အဒီဘာယောက ၃၆ ကြိမ်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# Fortinet Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို တီဂလာ ဦးဆောင်

**စကော့ဒယ် စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် စကော့ဒယ်မြို့တွင်ကျင်းပနေသည့် Fortinet Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တီဂလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်ဆောင်ဟွန်၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်သောမတ်စ်၊ ဩစတြေးလျဂေါက်သီးရိုက် ကစားသမား ကင်မရွန်းဒါဗစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မက်ကူချာနှင့် အဲရစ်ကိုးတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တတိယနေ့ ပြီးဆုံးသည်ထိ အမှတ်ပေးဇယား ထိပ်ပိုင်းတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်များအကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းသည့်အတွက် ချန်ပီယံဆုရရှိနိုင်သည့် ကစားသမားကို ထင်ကြေးပေးရန် ခက်ခဲနေသည်။

တီဂလာသည် ဒုတိယနေ့မှစ၍ ပုံစံကောင်းရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံးကစားသမားဖြစ်ခဲ့သလို တတိယနေ့တွင် ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

တီဂလာက"ကျင်းနံပါတ်(၈)မှာ Birdie ရခဲ့တာ တော်တော်လေးကောင်းတယ်။ ဒုတိယနေ့တုန်းကလို ပုံစံကောင်းတစ်ခု မရခဲ့ပေမဲ့လဲ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံအပေါ် မှာအားရကျေနပ်ပါတယ်။ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရနေတဲ့အတွက်ကြောင့်လဲ စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE
Trs : AZL

# Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အက်ရှ်လင်း ဆွတ်ခူး



**အိုဆာကာ စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ယနေ့ကျင်းပခဲ့သော Japan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ်အက်ရှ်လင်းနှင့် တရုတ်တင်းနစ်မယ်ကျူလင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်ရှ်လင်းက (၆-၃ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကျူလင်းသည် နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဗိုလ်လုပွဲစဉ်တွင် ပုံစံကောင်းမရခဲ့သည့်အတွက်ကြောင့် အသက် ၁၉ နှစ်အရွယ် အက်ရှ်လင်းက အနိုင်ရရှိခဲ့သည်။

ကျူလင်းသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် အကြိတ်အနယ် ကစားနိုင်ခဲ့ပြီးမှ tie-break တွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲကစားချိန်မှာ ၁ နာရီ ၃၆ မိနစ်ကြာမြင့်ခဲ့ပြီး အက်ရှ်လင်းက ကစားသမားဘဝသက်တမ်း တစ်လျှောက် ပထမဦးဆုံးသော WTA Tour ဆုဖလားကိုဆွတ်ခူး နိုင်ခဲ့သည်။

အက်ရှ်လင်းသည် တင်းနစ်လောကသို့ ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်း အမြင့်ဆုံးအနေဖြင့် Hertogenbosch တင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ဖူးသည်။

အက်ရှ်လင်းသည် ပထမအဆင့်မှတင်၍ ဗိုလ်လုပွဲစဉ်ထိ ပွဲငယ် တစ်ပွဲမျှမရှုံးဘဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁၂၃) နေရာတွင် ရပ်တည်နေသည့် အက်ရှ်လင်းသည် ကျူလင်းကို အနိုင်ရခဲ့သည့်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၅၀)အတွင်းမှ ကစားသမားကို ပထမဦးဆုံးအကြိမ် အနိုင်ရခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Ref : The West
Trs : AZL

# IBF၊ WBO မီနီမမ်ဝိတ်တန်း ချန်ပီယံဆုကို ယိုကက်တာ ကာကွယ်နိုင်ခဲ့

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၇**

IBF၊ WBO မီနီမမ်ဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကော်စတာရီကာလက်ဝှေ့မယ် ယိုကက်တာက ဂွါတီမာလာလက်ဝှေ့မယ် ဆန်တီဂိုနှင့် စက်တင်ဘာ ၁၆ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကွန်မက်မြို့တွင် ထိုးသတ်ခဲ့ရာ ယိုကက်တာကဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ယိုကက်တာသည် IBF နှင့် WBO မီနီဖလိုင်းဝိတ်တန်းတို့တွင်လည်း ချန်ပီယံခါးပတ်ကိုဆွတ်ခူးထားသူလည်းဖြစ်သည်။

ယိုကက်တာနှင့် ဆန်တီဂိုတို့သည် စတုတ္ထအချီထိ တစ်ဦးနှင့်တစ်ဦးနောက်မဆုတ်တမ်းအကြိတ်အနယ် ထိုးသတ်ခဲ့သော်လည်း စတုတ္ထအချီ နောက်ပိုင်းတွင် ဆန်တီဂိုသည် ခံစစ်အသွင်ဖြင့်သာ တုံ့ပြန်ထိုးသတ်နိုင်ခဲ့သည်။

နောက်ဆုံးအချီထိ ယိုကက်တာက တောက်လျှောက်ဖိအားပေး ထိုးသတ်ခဲ့ပြီးနောက် အမှတ်ပေးဒိုင်သုံးဦးတို့က (၁၀၀-၉၀၊ ၉၉-၉၁၊ ၉၉-၉၁) ရမှတ်တို့ဖြင့် ယိုကက်တာကိုအနိုင်ပေးခဲ့ကြသည်။

ယိုကက်တာသည် တစ်ဖက်သတ်ဖိအားပေး ထိုးသတ်နိုင်ခဲ့ခြင်းကြောင့်လည်း ပြတ်သားသည့်ရမှတ်များဖြင့် လက်ရှိချန်ပီယံခါးပတ်များကို ထိန်းသိမ်းနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ယိုကက်တာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၂၉ ပွဲထိုးသတ်ခဲ့ပြီး ရှုံးပွဲ နှစ်ပွဲသာရှိသည့် ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ဆန်တီဂိုမှာစိန်ခေါ်ပွဲပေါင်း ၁၅ ပွဲထိုးသတ်ထားပြီး လေးပွဲရှုံးနိမ့်ထားသည့်လက်ဝှေ့မယ်ဖြစ်ကြောင်း သိရသည်။

Ref : Ring TV
Trs : AZL

# မက်ဆီပြောင်းရွှေ့ကစားလာခဲ့ပြီးနောက် အင်တာမီယာမီအသင်း ပထမဆုံးရှုံးပွဲကြုံတွေ့

**ဝါရှင်တန် စက်တင်ဘာ ၁၇**

မက်ဆီ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ရလဒ်များကောင်းမွန်နေသည့် အင်တာမီယာမီအသင်းသည် ယခုအခါ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်တာမီယာမီအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် မက်ဆီကိုခေါ်ယူခဲ့ပြီးနောက် အသင်းအနေဖြင့်လည်း ရလဒ်များဆက်တိုက်ကောင်းမွန်လျက်ရှိနေသော်လည်း မေဂျာလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အတ္တလန်တာအသင်းနှင့်ပွဲစဉ်တွင် ငါးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပထမဆုံးရှုံးပွဲစတင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

သို့သော် မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ(တောင်အမေရိကဇုန်)ခြေစစ်ပွဲ ကစားရန်အတွက် အာဂျင်တီးနားအသင်းနှင့် သွားရောက် ပူးပေါင်းနေသောကြောင့် အဆိုပါ အတ္တလန်တာအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့် ပူးပေါင်းနေသည့်အတွက် စက်တင်ဘာ ၁၀ ရက်က ကစားခဲ့သည့် မေဂျာလိဂ်ပွဲစဉ်ဖြစ်သည့် စပိုတင်းအသင်းနှင့်ပွဲစဉ်၊ အတ္တလန်တာအသင်းနှင့်ပွဲစဉ်တို့ကို လွဲချော်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင်ကစားမည့် တိုရွန်တိုအသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေသည်။

အင်တာမီယာမီအသင်းသည် မက်ဆီ ပါဝင်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ဇူလိုင် ၂၂ ရက်က ကစားခဲ့သည့် လိဂ်ဖလားပြိုင်ပွဲရှုံးထွက်အဆင့်ပွဲစဉ်မှစတင်ပြီး ၁၂ ပွဲထိ ရှုံးပွဲမရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး လိဂ်ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အတ္တလန်တာအသင်းက မက်ဆီပါဝင်ကစားခဲ့စဉ်က လိဂ်ဖလားပြိုင်ပွဲရှုံးထွက်အဆင့်တွင် အင်တာမီယာမီအသင်းကို လေးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အတွက် ယခုအခါ မက်ဆီမပါဝင်နိုင်ချိန်တွင် ပြန်လည်အနိုင်ရရှိခဲ့သောကြောင့် အသင်းတစ်ခုအကောင့်မှတစ်ဆင့်လှောင်ပြောင်မှုများပြုလုပ်ခဲ့ရကြောင်း သိရသည်။

Ref : Onefootball
Trs : STA

**ပြင်သစ်လိဂ်ဝမ်း ပွဲစဉ် (၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၂ | - | ၂ | မိုနာကို |
| ကလယားမောင့် | ၀ | - | ၁ | နန့်တက် |
| ရိမ်း | ၁ | - | ၂ | ဘရက် |
| စထရာဘော့ | ၂ | - | ၂ | မောင့်ပယ်လီယာ |
| မာဆေး | ၀ | - | ၀ | တူးလော့ |

(၀၄၀)

# ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်းဖြစ်စေသော အရင်းခံအကြောင်းတရားများ

နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမေရိကန်အေဂျင်စီ အုပ်ချုပ်ရေးမှူးဖြစ်သူ Samantha Power က တရုတ်နိုင်ငံသည် ကောက်ပဲသီးနှံများကို သိုလှောင်ခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်းကို ပိုမိုဆိုးရွားလာအောင် လုပ်ဆောင်လျက်ရှိသည်ဟု ပြောကြားသွားခဲ့သည်။ Power သည် ဇူလိုင် ၁၈ ရက်က အမေရိကန်ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဗဟိုဌာန၌ မိန့်ခွန်းပြောကြားစဉ် ထိုသို့ စွပ်စွဲပြောကြားသွားခဲ့ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ကမ္ဘာကြီးသည် စားနပ်ရိက္ခာအကျပ်အတည်းကိုရင်ဆိုင်နေရလျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ၂၀၂၃ ခုနှစ်သည် ဆာလောင်မွတ်သိပ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း ဧပြီလကတည်းက သတိပေးထားပြီးဖြစ်သည်။ ကုန်ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်ခြင်းတို့သည် နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ပြည်သူ ၄၄ သန်းကို စားနပ်ရိက္ခာပြတ်လတ်မှုနှင့် အငတ်ဘေးဆိုက်စေခဲ့သည်။ ထိုသို့ ကမ္ဘာတစ်ဝန်းစားနပ်ရိက္ခာ အကျပ်အတည်းဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအပေါ် အပြစ်တင်ခြင်းသည် ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် နွေရာသီကာလအတွင်း ကောက်ပဲသီးနှံများစွာ ရိတ်သိမ်းနိုင်ခဲ့ကြောင်းကို အမျိုးသားစာရင်းအင်းဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများက ဖော်ပြလျက်ရှိသည်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သည့်အပြင် ကောက်ပဲသီးနှံထုတ်လုပ်မှု အများဆုံးနိုင်ငံလည်းဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာ့စိုက်ပျိုးမြေစုစုပေါင်း၏ ကိုးရာခိုင်နှုန်းကျော်လောက်သာရှိသော မြေပေါ်တွင် ကမ္ဘာလုံးဆိုင်ရာ ကောက်ပဲသီးနှံထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်လျက်ရှိသည့်အပြင် ကမ္ဘာ့လူဦးရေ ၂၀ ရာခိုင်နှုန်းကိုလည်း စားနပ်ရိက္ခာထောက်ပံ့ကျွေးမွေးထားနိုင်သည်။ အဆိုပါ ပမာဏသည် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုအတွက် များစွာပါဝင်မှုပင်ဖြစ်သည်။

အကြောင်းတရားများစွာသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်းအတွက် တာဝန်ရှိနေကြသည်။ ကာလလတ်နှင့်ကာလရှည် ရှုထောင့်က ကြည့်သွားမည်ဆိုလျှင် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ အထူးသဖြင့် အမေရိကန်သည် ကောက်ပဲသီးနှံကို ကျူးကျော်မှုနည်းလမ်းတစ်ရပ်အဖြစ် စတင်အသုံးချလာခဲ့သည်။ ကြီးမားကျယ်ပြန့်သော စက်မှုလယ်ယာထုတ်ကုန် ထုတ်လုပ်မှုနှင့် ဈေးနှုန်းချိုသာမှုတို့ကြောင့် အမေရိကန်ကုန်သည်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကောက်ပဲသီးနှံများစွာကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆုတ်ယုတ်လာစေသည့်အပြင် ၎င်းတို့၏ ကောက်ပဲသီးနှံဈေးကွက်များကိုလည်း လိုသလို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဈေးကွက်ကို အမေရိကန်မှ Archer Daniels Midland၊ Bunge၊ Cargill တို့နှင့်ပြင်သစ်မှ Louis Dreyfus ဟူသည့်ကုမ္ပဏီကြီးလေးခုကသာ ဆယ်စုနှစ်များစွာကြာ လက်ဝါးကြီးအုပ်ထားခဲ့သည်။ အဆိုပါ ကုမ္ပဏီလေးခုသည် ကမ္ဘာတစ်ဝန်းရှိ ကောက်ပဲသီးနှံကုန်သွယ်မှုအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားခဲ့သည်။

❖ ကမ္ဘာကြီးသည် စားနပ်ရိက္ခာအကျပ်အတည်းကို ရင်ဆိုင်နေရလျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ၂၀၂၃ ခုနှစ်သည် ဆာလောင်မွတ်သိပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း ဧပြီလကတည်းက သတိပေးထားပြီးဖြစ်သည်။ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်ခြင်းတို့သည် နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ပြည်သူ ၄၄ သန်းကို စားနပ်ရိက္ခာပြတ်လတ်မှုနှင့် အငတ်ဘေးဆိုက်စေခဲ့သည်။ ထိုသို့ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာအကျပ်အတည်းဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအပေါ် အပြစ်တင်ခြင်းသည် ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့လျက်ရှိသည်။ ❖

ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စက်မှုလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်အတွက် ကောက်ပဲသီးနှံကိုအသုံးပြုခြင်းသည်လည်း ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက်ကို အကျပ်အတည်းဖြစ်စေလျက်ရှိသည်။ တရုတ်အနာဂတ်ကုန်သွယ်မှုဆိုင်ရာ ကုမ္ပဏီကြီးဖြစ်သည့် China Futures ၏ သုတေသနပြုချက်အရ လက်ရှိအချိန်တွင် အမေရိကန်၌ ထုတ်လုပ်လျက်ရှိသော ပြောင်းဆန် ၃၆ ရာခိုင်နှုန်းကို အီသနော ထုတ်လုပ်ရာတွင် အသုံးပြုနေသည်ဟုဆိုသည်။ အမေရိကန်တွင်ထုတ်လုပ်သည့် ပဲပိစပ်ဆီ ၄၁ ရာခိုင်နှုန်းနှင့်ကမ္ဘာတစ်ဝန်း ထုတ်လုပ်လျက်ရှိသော ပဲပိစပ်ဆီ ၂၀ ရာခိုင်နှုန်းကို ဘိုင်အိုဒီဇယ်ထုတ်လုပ်ရာတွင်အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းအတွက် ကောက်ပဲသီးနှံ လိုအပ်ချက်များစွာရှိနေခြင်းသည် စားနပ်ရိက္ခာဈေးနှုန်းများ ကြီးမြင့်လာမှုနှင့် စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုတို့ကို ဖြစ်ပေါ်စေလျက်ရှိသည်။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ အစွန်းရောက်ရာသီဥတုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် တုန်လှုပ်ချောက်ချားလာခဲ့ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်တို့အပေါ် ဟန့်တားနှောင့်ယှက်မှုများ ဖြစ်ပေါ်လာစေလျက်ရှိသည်။ ကောက်ပဲသီးနှံဈေးနှုန်းများ ခေါင်ခိုက်လာခြင်းသည် ဝင်ငွေနည်းသောနိုင်ငံများတွင် စားနပ်ရိက္ခာ အကျပ်အတည်းများကို ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှင့် ၂၀၂၁ ခုနှစ်က ပစိဖိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သော အယ်နီညိုနှင့် လာနီညာဖြစ်စဉ်များကြောင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ ဘရာဇီးနိုင်ငံသည် အလွန်အမင်း ခြောက်သွေ့မှုဒဏ်ကိုခံစားခဲ့ရပြီး ပဲပိစပ်ထုတ်လုပ်မှုမှာလည်း ထိုးကျသွားခဲ့သည်။ အရှေ့တောင်အာရှဒေသတွင်လည်း မိုးသက်မုန်တိုင်းဒဏ်များခံစားခဲ့ရသဖြင့် ဆန်စပါးနှင့်ဆီအုန်း ထုတ်လုပ်မှုကျဆင်းခဲ့သည်။ အလားတူ ရုရှား-ယူကရိန်းပဋိပက္ခသည် စားနပ်ရိက္ခာတင်ပို့မှုကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ ကောက်ပဲသီးနှံဈေးနှုန်းသည် ခေါင်ခိုက်သွားခဲ့သည်။ လက်ရှိအချိန်တွင် ဂျုံဈေးနှုန်းသည် ၄၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

ထို့ပြင် အချို့သောဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော စားနပ်ရိက္ခာ လေလွင့်ဆုံးရှုံးမှုများကိုလည်း ပြစ်တင်ရှုတ်ချသွားရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် နေ့စဉ်စွန့်ပစ်အစားအသောက်တန် ၁၅၀၀၀၀ ခန့်ရှိသည်။ ၎င်းတို့အနက် ၁၂ ရာခိုင်နှုန်းသည် အစေ့အဆန်များဖြစ်ပြီး ၃၉ ရာခိုင်နှုန်းသည် ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများဖြစ်သည်။ ဆိုလိုသည်မှာ တိုင်းပြည်စိုက်ပျိုးမြေစုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းနှင့်ညီမျှသည့် ဧကသန်း ၃၀ မှ ထွက်ရှိသော ကောက်ပဲသီးနှံများသည် နှစ်စဉ် အမှိုက်ပုံးထဲသို့ ရောက်ရှိနေခြင်းဖြစ်ပေသည်။ ထို့ကြောင့် အမေရိကန်သည် ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာဖြုန်းတီးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ကိုယ်တိုင်စားနပ်ရိက္ခာလုံခြုံမှုအာမခံချက်ရှိအောင် ကြိုးပမ်းနေစဉ်မှာပင် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာမလုံခြုံမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုတုံ့ပြန်ရေးဗဟိုဌာန ထူထောင်သည့် WFP ၏အစီအစဉ်ကို ထောက်ပံ့ကူညီပေးလျက်ရှိသည့်အပြင် ဒေသတွင်း ကောက်ပဲသီးနှံထုတ်လုပ်မှုမြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အခြားသောနိုင်ငံများတွင် နိုင်ငံဖြတ်ကျော်ကောက်ပဲသီးနှံကုမ္ပဏီများ ထူထောင်မှုကိုလည်း ကူညီပေးလျက်ရှိသည်။ တရုတ်စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်များသည် အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် တောင်ပစိဖိတ်ဒေသတို့မှ ဝင်ငွေနည်းတောင်သူများကို ကောက်ပဲသီးနှံစိုက်ပျိုးမှု နည်းပညာများဖြင့် ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက တရုတ်နိုင်ငံသည် စားနပ်ရိက္ခာ အရေးပေါ်လိုအပ်သောနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအနေဖြင့် စားနပ်ရိက္ခာတန်ချိန် ၃၀၀၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

စင်စစ်အားဖြင့် စားနပ်ရိက္ခာ အကျပ်အတည်းထောင်ချောက်မိနေသော ကမ္ဘာကြီးအနေဖြင့် ပြဿနာအတွက် ဓားစာခံရှာနေသည်ထက် အတူတကွပူးပေါင်းဖြေရှင်းသွားသင့်ပေသည်။ အမှန်တကယ် အမေရိကန်သည်ပင်လျှင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားနိုင်ပေသည်။ မည်သို့ပင်ဆိုစေ စားနပ်ရိက္ခာရှားပါးမှုအခြေအနေတွင် အပြုသဘောဆောင်စွာ ပါဝင်ဆောင်ရွက်ခြင်းသည် ဘုံသဘောထားများတည်ဆောက်ရာတွင် စွပ်စွဲပြစ်တင် ဝေဖန်ပြောဆိုမှုများ လျော့နည်းလာစေမည်ဖြစ်ပေသည်။

**ကိုးကား**

**– Real Culprits for Global Food Crisis by Beijing Review.**

**မောင်စိန်အိ(နဘဲမြေ)**

# လင်းခေးမြို့နယ် ဆွန်အို့ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**လင်းခေး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်းခေးမြို့နယ် ဆွန်အို့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆွန်အို့ကျေးရွာ၌ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းအရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်အတိုင်းအတာပြည့်မီစေရေး ဆွေးနွေးမှာကြားသည်။

လင်းခေးမြို့နယ် ဆွန်အို့ကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ကိုးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၂ ဒသမ ၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၇ သန်း စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၆၇ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဆွန်အို့ကျေးရွာမှ အိမ်ခြေ ၇၆ အိမ်၊ လူ ၃၈၈ ဦး အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ပြောပြ၍ သိရသည်။

**အေးသူ**

# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ လေးကောင်တွဲဆင်ရုပ်များ တင်ပို့သွားမည်



**ပဲခူး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့ကြီးတို့ရှိ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ လေးကောင်တွဲ ဆင်ရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီး ပန်းပုတန်းရှိ ရွှေယမင်းမြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ အမှာရရှိထားသည့်အတိုင်း တင်ပို့ပေးရန် ပန်းပုရုပ်များကို ထုလုပ်လျက်ရှိပြီး လက်ရှိကာလတွင် ပန်းပုရုပ်များ ရောင်းချမှုမှာ ပုံမှန်ရှိနေကြောင်း သိရသည်။

"ကျွန်မတို့ ပန်းပုတန်းကနေ ပန်းပုရုပ် ဒီဇိုင်းသစ်တွေကို နယ်မြို့တွေက အမှာရတဲ့အတိုင်း ထုလုပ်တင်ပို့ပေးနေပါတယ်။ အခုတစ်ပတ်မှာလဲ ဆင်လေးကောင်တွဲ ပန်းပုရုပ် ထုလုပ်နေပါတယ်။ ရင်းတိုက်သားနဲ့ ထုလုပ်ပြီးတော့ ဆေးသုတ် ပြီးသားဖြစ်ပါတယ်။ ဒီပန်းပုရုပ်တွေကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တွေက အမှာရထားတဲ့အတွက် ဒီလမကုန်ခင်အတွင်းမှာ တစ်မြို့ကို အရုပ် ၂၀ လောက် တင်ပို့ပေးရမှာဖြစ်ပါတယ်"ဟု ရွှေယမင်းမြန်မာ ပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြသည်။

အဆိုပါ လေးကောင်တွဲဆင်ရုပ်၏အရွယ်အစားမှာ အလျား ၃၄ လက်မ၊ အမြင့် ကိုးလက်မရှိပြီး ရင်းတိုက်သားဖြင့် ထုလုပ်ထားကြောင်း လေးကောင်တွဲဆင်ရုပ် ဈေးနှုန်းမှာ တစ်စုံလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ASH

# ဘရုစ်လီအဖြစ် ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား မေဆင်လီ ငါးနှစ်ကြာလေ့ကျင့်ခဲ့ရ

**တိုင်ပေ စက်တင်ဘာ ၁၇**

တရုတ်(တိုင်ပေ)ဒါရိုက်တာ အန်းလီ၏သား မင်းသား မေဆင်လီသည် ဘရုစ်လီအတ္ထုပ္ပတ္တိဇာတ်ကားသစ်၌ ဘရုစ်လီအဖြစ် ပါဝင်သရုပ်ဆောင်ရေးအတွက် ငါးနှစ်တာ လေ့ကျင့်ခဲ့ရကြောင်း သိရသည်။

မင်းသား မေဆင်လီသည် ဘရုစ်လီကဲ့သို့ နှလုံးသားမာကျောသည့် လူသတ်သမား ဇာတ်ကောင်နေရာမျိုး၌ သရုပ်ဆောင်နိုင်ရေးအတွက် ငါးနှစ်ကြာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရကြောင်း ထုတ်လုပ်သူ လောရင့်ဂရေးက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရုစ်လီကဲ့သို့ ဂန္ထဝင်ကိုယ်ခံပညာရှင် ရုပ်ရှင်မင်းသားတစ်ဦး၏ နေရာတွင် ပါဝင်သရုပ်ဆောင်ရေးအတွက် မေဆင်လီမှာ အသင့်လျော်ဆုံး မင်းသားတစ်လက်ဖြစ်ကြောင်း လောရင့်ဂရေးက သုံးသပ်ခဲ့သည်။

ဘရုစ်လီအတ္ထုပ္ပတ္တိဇာတ်ကားကို မေဆင်လီ၏ဖခင် ဒါရိုက်တာ အန်းလီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် ဘရုစ်လီအတ္ထုပ္ပတ္တိဇာတ်ကား၌ ပါဝင်မည့်သရုပ်ဆောင်များအနက် မေဆင်လီ တစ်ဦးတည်းကိုသာ ထုတ်လုပ်သူများက ကြေညာထားကြောင်း သိရသည်။

**Ref : Screen Rant**
**Trs : KKO**



# အချစ်မှတ်စု ရုပ်ရှင်ဇာတ်ကားကို SKY NET၊ SKY PREMIER HD မှ စက်တင်ဘာ ၁၈ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၇**

အချစ်မှတ်စု ရုပ်ရှင်ဇာတ်ကားကို SKY NET၊ SKY PREMIER HD မှ စက်တင်ဘာ ၁၈ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေသဇင်အောင်က ပြောပြ၍ သိရသည်။

အချစ်မှတ်စု ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင်(စန္ဒီးဝိုက်)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ မောင်မောင်ဦး(စန္ဒီးဝိုက်)က ခင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ခင်ရုပ်ရှင်ထုတ်လုပ်ရေးကနေ ဗီဒီယို အနေနဲ့ ထွက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီဇာတ်ကားကို SKY PREMIER HD ရုပ်သံအစီအစဉ်က ထပ်မံထုတ်လွှင့်ပေးတာ ဖြစ်ပါတယ်။ လူငယ်သဘာဝ မေတ္တာဘွဲ့ဒရာမာဇာတ်ကားကောင်းလေးပါ" ဟု သရုပ်ဆောင် မေသဇင်အောင်က ပြောပြသည်။




အချစ်မှတ်စု ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲလင်း၊ မေသဇင်အောင်၊ ဟိန်းဇေ၊ ခန့်သာ၊ ဝေဖြိုးအောင်၊ မာယုသာ၊ ယမင်းကျော်စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကာ အဆိုပါဇာတ်ကားကို SKY NET၊ SKY PREMIER HD ရုပ်သံအစီအစဉ်မှ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်နှင့် ည ၉ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Exorcist: Believer ဇာတ်ကား၌ မင်းသမီး လင်ဒါဘလဲ အကြံပေးအဖြစ်ပါဝင်ခဲ့

**နယူးယောက် စက်တင်ဘာ ၁၇**

The Exorcist: Believer ဇာတ်ကား ရိုက်ကွင်းများတွင် မူလ The Exorcist မင်းသမီး လင်ဒါဘလဲက အကြံပေးအဖြစ် တာဝန်ယူခဲ့ကြောင်း သိရသည်။

The Exorcist: Believer ဇာတ်ကား၌ လင်ဒါဘလဲ အကြံပေးအဖြစ် တာဝန်ယူခဲ့မှုကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက စက်တင်ဘာ ၁၅ ရက်တွင် Total Film မဂ္ဂဇင်းသို့ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

မင်းသမီး လင်ဒါဘလဲသည် The Exorcist: Believer ဇာတ်ကား၌ ပါဝင်ရန်ဆန္ဒမရှိခဲ့သော်လည်း ဇာတ်ကားသစ်တွင် ပါဝင်မည့် လူငယ်သရုပ်ဆောင်များအတွက် အကြံပေးအဖြစ် တာဝန်ယူပေးခဲ့ကြောင်း ဒါရိုက်တာ ဂေါ်ဒန်ဂရင်းက ပြောကြားခဲ့သည်။

မင်းသမီး လင်ဒါဘလဲသည် မူလ The Exorcist(1973) ဇာတ်ကား၌ အဓိကဇာတ်ကောင် ရေဝင်မက်နီးအဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

The Exorcist: Believer ဇာတ်ကားသည် The Exorcist (1973)၏နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး မင်းသား လက်စလီအိုဒွန်ဂျူနီယာ၊ ရာဖေးဘာ့၊ မင်းသမီး အယ်လန်ဘားစတင်း၊ ဂျင်နီဖာနက်တယ်တို့ပါဝင်ထားကာ အဆိုပါဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**Ref : Movieweb**
**Trs : KKO**




# မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းခြင်းရှိ၊မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်း ရေရှည်အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အင်ကြင်းမြိုင်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးထားကြောင်း သိရသည်။

**ကိုသက်**

# Myanmar to export 10,000 tons of sugar to Vietnam in 2023-24 cultivation season



Newly plucked sugarcanes.

**Nay Pyi Taw September 17**

Vice Chairman of Myanmar Sugar and Sugarcane Association U Win Htay said that Myanmar will sell out 10,000 tons of sugar to Vietnam in 2023-24 cultivation season.

As Vietnam offered to purchase sugar from Myanmar in 2023-24 financial year, officials from both sides coordinate prices of sugar, yielding period and shipping period.

"Sugarcane can be harvested in coming December in Myanmar. So, we can export sugar to Vietnam in 2023-24 season. At present, priority is being given to local consumption of sugar," he explained.

Although many offers have been received, Myanmar will export sugar to Vietnam alone due to prioritizing local consumption.

As demand is high in selling sugar, prices of sugar are high at the domestic market, and sugar mills in northern Shan State subsidize K110,000 per ton to local growers with more plans to increase the prices.

Myanmar yields some 450,000 tons of sugar per year, and Myanmar sends some 90,000 tons of sugarcane to Vietnam per year.

The association invites investments of businesspersons to extend sown acres of sugarcane and increase of sugar at home. Myanmar cultivate some 500,000 acres of sugarcane plantations. ASH

# More than 2,000 tons of medicines and medications worth US$38 million imported in August

**Nay Pyi Taw September 17**

The Ministry of Commence stated that more than 2,000 tons of medicines and medications worth US$38 million were imported in August of the 2023-24 financial year.

Myanmar has run State-owned BPI pharmaceuticals industry alone. Now, the government established more pharmaceutical industries across the nation in addition to the Hmawby Pharmaceutical factory of the Tatmadaw after 2021.

So far, Myanmar has five State-owned pharmaceutical factories and seven private-owned ones. They produce 362 items of drugs but these drugs meet less than 20 per cent demand of the country.

The Ministry of Commerce allows businesspersons to import all kinds of medicines except that of negative list.

The Department of Food and Drug Administration under the Ministry of Health issues import licence for medicines to businesspersons under prescribed rules and regulations.

In August, businesspersons imported more than 900 tons of medicines worth US$38.201 million. These medicines were bought from Argentine, Belgium, Switzerland, Australia, Bangladesh, Brazil, China, Cyprus, Ecuador, Germany, India, Indonesia, Ireland, Italy, Japan, South Korea, Malaysia, the Netherlands, Pakistan, Spain, the Philippines, Singapore, Portugal, Thailand, USA and Vietnam. 336



A shelf full of various kinds of medicine.

# Plans to sell crumb rubber through open tender in Mon State

**Mawlamyine September 17**

The Ministry of Agriculture, Livestock and Irrigation on 15 September stated that plans are underway to sell crumb rubber from the perennial plant research and technological development farm in Mon State through tender system.

The rubber from the level 1 to 5 will be sold to businesspersons. Its weight totaled 156,171 pounds. RSS-1 will be 56,980 pounds, RSS-2 7,300 pounds, RSS-3 22,280 pounds, RSS-4 5,610 pounds and RSS-5 35,017 pounds in addition to other materials.

Tender proposals will be sold at the Mon State Agriculture Department as from 18 September and it will be closed on 2 October. Tender will be opened at 10 am on 3 October. For detail information, dial 057-24460 and 09-425281131. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fruit Complex of Danyingon Wholesale Market to open on 1 October

**Yangon September 17**

The Yangon City Development Committee on 15 September stated that the main complex to sell fruits of the Danyingon Wholesale Market will be opened on 1 October.

YCDC and Myanmar Agro Exchange Public Co Ltd jointly built the market complex on 83 acres of land at the corner of Shwepyitha Bridge Road and Pearl Road in Insein Township of Yangon Region.

The market will sell fruits, vegetables, flowers and groceries. The first complex is purposed for sale of fruits, the second complex vegetables, the third complex various goods, kitchen crops and groceries, and the fourth complex vegetables and seasonal crops, with 40 shop houses.

Currently, the second phase of the market is under construction. According to the information, the complex for fruits will be opened on 1 October.

The market comprises 1,069 shop apartments with five feet long and 11 feet wide and other apartments with five feet long and 13 feet wide.

Those wishing to apply for the shops can take applications free of charge at the market administration office. The rental charge for each shop will be some K100,000 per month. 336



Danyingon Wholesale Market.

# Open tender to be invited for improvement of Yangon circular railroad this FY


Mingaladon Railway Station.

**Yangon September 17**

The Ministry of Transport and Communications stated that it plans to invite open tenders to the businesspersons for implementing the project of improving the Yangon circular railroad in 2023-24 financial year.

The project will cover the railroad section between Pay-wetseikkon and Kyaukyedwin stations, between Baukhtaw and Tamway stations, between Kyaukyedwin and Tadalay stations and between Yeku and Tadalay stations.

Those wishing to join the open tender plan can buy the tender proposals and disciplines at the logistics section of Myanma Railways in Botahtaung Township, from 14 Seprtember.

Tender will be closed on 13 October. For further information for opening the tender, dial 294352 and 291994. The circular railroad is 29.5 miles long, and it is facilitated with 39 railway stations.

Trains runs along the circular railroad for 35 plies per day to transport some 6,000 passengers. Ticket for passengers is charged at K300 per passengers for more than 15 miles and K200 for less than 15 miles.

Arrangements are being made to operate diesel electric multiple unit (DEMU) trains along the circular railroad.

336

# Storm Lee heads towards New England and Canada

**Ottawa September 17**

Storm Lee has left 80,000 properties without power and is expected to make landfall around Nova Scotia at 15:00 local time (18:00 GMT) on Saturday.

The storm has become a post-tropical cyclone but is producing hurricane-force winds of 80 mph (130 km/h), the National Hurricane Center (NHC) said.

Flights and ferry crossings have been cancelled and millions in New England and Canada are under storm warnings.

Lee will bring strong winds, rain and coastal flooding, according to the NHC.

Because of the storm's widening size, people will feel its impacts well beyond where the centre makes landfall.

"These conditions are likely to lead to downed trees and potential power outages," the NHC said.

Lee is currently 220 miles south of Eastport Maine and 230 miles south of Halifax, Nova Scotia, and is moving at around 25 mph, NHC said.

Maine Governor Janet Mills declared a state of emergency and US President Joe Biden has ordered resources from the Federal Emergency Management Agency to be deployed, in anticipation of the storm.

Lee is expected to dump its heaviest rain over Maine. Parts of New Hampshire, Massachusetts and Rhode Island will also have intense rainfall.

BBC

# Locals from Labutta plant 1,370 acres of three types of rain crops in this year's rain crop planting season

**Labutta September 17**

A total of 1,370 acres of three kinds of rain crops have been fully planted in this year's rain crop planting season in Labutta Township, Labutta District, Ayeyawady Region, said U Myo Aung, head of Labutta Township's Agriculture Department.

Of the 1,370 acres designated for the three types of rain crops that have been planted, there are 99 acres of pigeon peas, 126 acres of sugarcane and 1,145 acres of cassava.

In Labutta Township, in order to successfully plow the rain crops planted during the rainy season, to ensure that they are free from pests, and that the fields are not damaged due to natural disasters and other reasons, the Department of Agriculture, Department of Agricultural Mechanization, Department of Irrigation and Water Utilization Management will meet with


A sugarcane plantation.

the farmers and awareness activities will be continued to carry out the until the harvest.

KKL

# US special counsel Jack Smith asks judge to place gag order on Donald Trump

**New York September 17**

The prosecutor leading the federal election meddling case against Donald Trump has asked a judge to place him under a gag order, limiting how he is able to publicly comment on the case.

Special Counsel Jack Smith's filing says the "narrowly tailored" order would prevent harassment of witnesses.

Mr Trump hit back online, accusing Smith's team of misconduct, writing: "they won't allow me to SPEAK?"

He has pleaded not guilty to conspiracy to overturn the 2020 election.

The request was unsealed by District Court Judge Tanya Chutkan and was filed a week earlier. It was among a slew of older court documents from the case that were released on Friday.

Prosecutors say their proposed order - which they never refer to as a "gag order" - is "a narrow, well defined restriction" that is necessary to prevent disinformation, threats and "prejudicing" the case.

If approved, it would ban Mr Trump from making statements "regarding the identity, testimony, or credibility of prospective witnesses" and "statements about any party, witness, attorney, court personnel, or potential jurors that are disparaging and inflammatory, or intimidating".

BBC



# Many local travellers pay a visit to Sein Pang Gone Village

**Mandalay September 17**

There are a large number of domestic tourists visiting Sein Pang Gone Village, one of the villages developing village-based tourism, in Madaya Township, Mandalay Region, according to U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Tourists are also interested in items created and shaped by Myanma handicrafts, including the weaving industry, pottery industry, bamboo hat industry, tobacco industry, and footwear industry.

It is reported that there have been an increase in the number of tourists from the village to visit the Irrawaddy dolphins by boat in the Ayeyawady River.

"Since 2014, Wildlife Conservation Society (WCS), the Department of Fisheries, and the Irrawaddy Dolphin Conservation Group have been working together to develop village-based tourism. The villages that have been developed village-based tourism are Kasin Kyung Village, Aye Kyung Village, Myay Song Village, Sein Pang Gone Village in Madaya Township, and Myit Kang Gyi Village and Sae Thae Village in Singu Township, Ywar Thit Village, Tagaung Village, and Shein Maka Village in Wetlet Township, Sagaing Region," he said.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တောင်ကိုရီးယားသို့ ကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ အဆင့်မြင့် F-35 တိုက်လေယာဉ်များရောင်းချရန် အမေရိကန်ခွင့်ပြု



အမေရိကန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးရှိ ထိပ်တန်းအဆင့်မြင့် F-35 တိုက်လေယာဉ်များ ရောင်းချရန် ခွင့်ပြုပေးခဲ့ကြောင်း www.thedefense-post.com သတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lockheed Martin ကုမ္ပဏီက ထုတ်လုပ်ထားသော အဆိုပါတိုက်လေယာဉ် ၂၅ စင်းအပြင် အင်ဂျင်များနှင့် ဆက်စပ်ပစ္စည်းများကိုရောင်းချရန် သဘောတူခွင့်ပြုပေးထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက လွှတ်တော်သို့ အသိပေးခဲ့သည်။

အဆိုပါ ရောင်းချမှုသည် ဒေသတွင်း ရန်လိုမှုများကို ဟန့်တားရန်၊ အမေရိကန်တပ်ဖွဲ့များနှင့် အပြန်အလှန်ထိန်းကျောင်းနိုင်စေရန် ယုံကြည်စိတ်ချရသော ကာကွယ်ရေးစွမ်းရည်ကို ပံ့ပိုးပေးခြင်းဖြင့် လက်ရှိနှင့်အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ကိုရီးယားနိုင်ငံစွမ်းရည်ကို မြှင့်တင်ပေးလိမ့်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

"ဒီပစ္စည်းတွေနဲ့ အထောက်အပံ့တွေ ရောင်းချဖို့အဆိုပြုတာက အခြေခံအားဖြင့် ဒေသတွင်း စစ်ရေးစွမ်းအားဟန်ချက်ညီ အသားကျနေမှုကို ပြောင်းလဲစေမှာ မဟုတ်ပါဘူး"ဟုလည်း ထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားသည်။

တောင်ကိုရီးယားသည် F-35 တိုက်လေယာဉ်များကို ၂၀၁၈ ခုနှစ် ကတည်းက စတင်အသုံးပြုခဲ့သည်။

အမေရိကန်သည် ၎င်း၏ အနီးကပ်ဆုံးမိတ်ဖက်များထံ တိုက်လေယာဉ်များ ရောင်းချခြင်းကိုသာခွင့်ပြုခဲ့ပြီး တူရကီနိုင်ငံသည် S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရုရှားထံမှ ဝယ်ယူခဲ့ပြီးနောက် F-35 အစီအစဉ်မှ နုတ်ထွက်ခဲ့ရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ပိုမိုကောင်းမွန်သော စစ်လက်နက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးရန် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် Kim Jong Un ရုရှားသို့ ရောက်ရှိနေကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဒုံးကျည်စမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ကြား တင်းမာမှုများ ဆက်လက်မြင့်တက်နေချိန်တွင် ယခုကဲ့သို့ ရောင်းချမှုအပေါ် ခွင့်ပြုချက်ပေးသည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင် လုပ်ဆောင်လာခဲ့သည်။

ဝါရှင်တန်မြို့အနီးက Camp David သမ္မတအပန်းဖြေစခန်းတွင် ပြီးခဲ့သည့်လအတွင်း ထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးနှင့်ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့က အခြားစိန်ခေါ်မှုများအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြသည်။

**US Approves $5B Sale of 'Top-of-the-Line' F-35 Jets to S. Korea ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယစစ်ဘက်က ထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေးမစ်ရှင်များကိုပံ့ပိုးပေးနိုင်သည့် MULE စက်ရုပ်ခွေးကို တီထွင်နိုင်ခဲ့

အိန္ဒိယစစ်ဘက်သည် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုးပေးနိုင်သည့် Multi-Utility Legged Equipment (MULE) စက်ရုပ်ခွေးကို တီထွင်နိုင်ခဲ့ကြောင်း www.thedefense-post.com သတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘက်စုံသုံးနိုင်ပြီး ခြေထောက်များတပ်ဆင်ထားသည့်အပေါ် မူတည်၍ Multi-Utility Legged Equipment (MULE) ဟု အမည်ပေးထားသောအဆိုပါနည်းပညာကို မကြာသေးမီက အိန္ဒိယနိုင်ငံ မြောက်ဘက်စွန်းရှိ ယခုနှစ်တွင် ကျင်းပခဲ့သော North-Tech Symposium 2023 ပြပွဲ၌ ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ MULE ခြေလေးချောင်းစက်ရုပ်(Droid)တွင် ပြောင်မြောက်သောဒီဇိုင်းရှိပြီး အပူငွေ့သုံး ကင်မရာများနှင့် ရေဒါများတပ်ဆင်အသုံးပြုနိုင်ကြောင်း အိန္ဒိယစစ်ဘက်၏ ပြောကြားချက်အရ သိရသည်။

မြေပြင်သုံးစက်ရုပ်ခွေး၏ ဆော့ဖ်ဝဲကို အလိုအလျောက် လမ်းညွှန်ထိန်းကျောင်းမှုဖြင့် လုပ်ဆောင်နိုင်ရန်အတွက် ကြိုတင်သတ်မှတ်ပေးထားသောမစ်ရှင်များ ထည့်သွင်းရေးသားထားနိုင်သည်။

အော်ပရေတာများသည် ရေတိုမစ်ရှင်များအတွက် Wi-Fi မှတစ်ဆင့် MULE စက်ရုပ်ခွေးကို ထိန်းချုပ်နိုင်သော်လည်း Long-Term Evolution (LTE) ဝိုင်ယာမဲ့ဆက်သွယ်ရေးစနစ်ကို ၁၀ ကီလိုမီတာ (၆ ဒသမ ၂ မိုင်)အကွာ ဝေးလံခေါင်သီသောနေရာများတွင် လုပ်ဆောင်နိုင်ရန်အတွက် အသုံးပြုနိုင်သည်။

MULE စက်ရုပ်ခွေးသည် အလေးချိန် ၁၂ ကီလိုဂရမ် (၂၆ ဒသမ ၅ ပေါင်) ရှိသည်။ ကင်မရာများနှင့် အာရုံခံကိရိယာများအပြင် စစ်သားများကိုအန္တရာယ်မှကင်းဝေးစေပြီး ရန်သူနေရာများကိုပစ်ခတ်တိုက်ခိုက်နိုင်ရန် စနစ်တွင် လက်နက်ငယ်များ တပ်ဆင်အသုံးပြုနိုင်သည်။

နှင်းထူထပ်ခြင်းနှင့် ရာသီဥတုအခြေအနေ ဆိုးရွားကြမ်းတမ်းခြင်းအပါအဝင် မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင်တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ စက်ရုပ်သည် အမြင့် ၁၈ စင်တီမီတာထိရှိသော တောင်များကို တက်နိုင်သည်။ MULE စက်ရုပ်ခွေး၏ အသုံးချပရိုဂရမ်တစ်ခုသည် အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံအတွင်းရှိ ရန်သူများ၏တည်နေရာ အတိအကျကိုသိရှိရန် အသုံးပြုနိုင်မည်ဟု အင်ဂျင်နီယာ Aryan Singh ၏အဆိုအရ သိရသည်။



"အော်ပရေတာက အခန်းထဲမှာ ရန်သူဘယ်မှာရှိတယ်ဆိုတာ အတိအကျ သိနိုင်ပြီး ရန်သူကိုပစ်ခတ်တိုက်ခိုက်ဖို့ တပ်ဆင်ထားတဲ့လက်နက်တွေ အသုံးပြုနိုင်ပါတယ်" ဟု Aryan Singh က ပြောပြသည်။

**Indian Army Unveils 'MULE' Robot Dog ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံကို ရှေ့တန်းစစ်မျက်နှာတွင် ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်ရန် ကုန်တင်ဒရုန်းများ ဗြိတိန်နိုင်ငံ ပံ့ပိုး

ဗြိတိန်နိုင်ငံသည် ရှေ့တန်းစစ်မျက်နှာတွင် စစ်လက်နက်များအပါအဝင် ဆေးဘက်ဆိုင်ရာပစ္စည်းများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့် စစ်မြေပြင်အတွက် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ယူကရိန်းသို့ ကုန်တင်ဒရုန်းများကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်လွှင့်ထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ဒဏ်ရာရစစ်သားတစ်ဦးကို ယာယီခုတင်ပေါ်တွင် ချည်နှောင်ထားသော Malloy ဒရုန်းယာဉ်ပျံသန်းနေပုံကို သရုပ်ပြခဲ့ကြောင်း သိရသည်။

လန်ဒန်အခြေစိုက် Malloy Aero-nautics ကထုတ်လုပ်သည့် Malloy ဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၁၈၀ (၃၉၇ ပေါင်) သယ်ဆောင်နိုင်ပြီး အကွာအဝေး ကီလိုမီတာ ၇၀ (၄၃ မိုင်)ထိ ပျံသန်းနိုင်မည်ဖြစ်သည်။

ယူကရိန်းအတွက် ပေးအပ်နိုင်သည့် မှုကွဲကို ထုတ်ဖော်ပြောကြားထားခြင်းမရှိပါ။ သို့သော် ဖော်ပြထားသောအင်္ဂါရပ်များအရ T-400 ဒရုန်းအမျိုးအစားဖြစ်သည်။ ဒရုန်းသည် စစ်ဘက်သယ်ယူပို့ဆောင်ရေးယာဉ်များထက် ပိုမိုလျင်မြန်သော အလျင်နှုန်း တစ်စက္ကန့်လျှင် ၃၅ မီတာ (၁၁၄ ပေ) သို့မဟုတ် ၁၂၆ ကီလိုမီတာ (၇၈ မိုင်) နှုန်းဖြင့် မောင်းနှင်ပျံသန်းနိုင်သည်။ ၎င်းသည် အလိုအလျောက်ဆင်းသက်နိုင်ပြီး ဆင်းသက်ရန် ကြိုတင်အစီအစဉ်ချထားသည့် Waypoints လမ်းကြောင်းများမှတစ်ဆင့် ပျံသန်းနိုင်သည်။ T-400 ဒရုန်းတွင် Propeller နှင့် Rotor ပန်ကာ၊ ဒလက်များ ရှစ်ခုစီ စုစုပေါင်း ၁၆ ခု တပ်ဆင်ထားသည့်အတွက် ပန်ကာတစ်ခု လုပ်ဆောင်မှုချို့ယွင်းခဲ့လျှင်ပင် တည်ငြိမ်စွာ ပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Malloy ဒရုန်းများကို အမေရိကန်ဒေါ်လာသန်း ၃၇၀ တန်ဖိုးရှိ ကာကွယ်ရေးအကူအညီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၂ ခုနှစ်က ယူကရိန်းသို့ ပံ့ပိုးပေးခဲ့သည်။ အစီရင်ခံစာ အများအပြားအရ T-400 ဒရုန်း၏ အသေးစားဗားရှင်းဖြစ်သော Malloy T-150 ပါဝင်ခဲ့ကြောင်း သိရသည်။

T-150 တွင် အလေးချိန် ၂၃ ကီလိုဂရမ် (၅၀ ပေါင်) နှင့် ၁၅ ကီလိုဂရမ် (၃၃ ပေါင်) အသီးသီးရှိသော Javelin Anti-Tank နှင့် Stinger လေကြောင်းရန်ကာကွယ်ရေး ပခုံးထမ်းဒုံးစနစ်များကဲ့သို့ လက်နက်စနစ်များကို သယ်ဆောင်နိုင်စေမည်ဖြစ်ကာ စုစုပေါင်း Payload တင်ဆောင်နိုင်မှု ၆၈ ကီလိုဂရမ် (ပေါင် ၁၅၀) ထိရှိကြောင်း သိရသည်။

**UK Delivers Cargo Drone for Ukraine Frontline Weapon Supplies ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၅၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၃၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၆ ရက်ထိ ပဲတီစိမ်း ၅၅၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၆၀၀ ကျော်လျာထားစိုက်ပျိုးနေပြီး ဧက ၅၅၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၅၆၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ ယခုနှစ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၇၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၂၀၆)

# တာချီလိတ်မြို့နယ် ကျေးရွာနှစ်ရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**တာချီလိတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်သည့် ဟိုနားအာခါနှင့် ဝိန်းဝကျေးရွာတို့တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



တာချီလိတ်မြို့နယ်ရှိ ဟိုနားအာခါနှင့် ဝိန်းဝကျေးရွာကို တစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းစီပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံတွဲမြို့နယ် ဆိပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆိပ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုပြည့်**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ်(၂၀)မြောက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးများ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ၊ စင်ကာပူနိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဘရူနိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ တီမောလက်စ်တီနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတို့ကို "ရပ်ဝန်းနှင့်ပိုးလမ်းမအရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေးမြှင့်တင်ခြင်းနှင့် ကြီးထွားမှုဇဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့်အနာဂတ်နှင့် ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွကြိုးပမ်းဆောင်ရွက်ကြပါစို့"ဟူသောရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် အရာရှိကြီးများလည်း တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ကျွမ့်ဟွာနှင့်အတူ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် မြန်မာနိုင်ငံက ထုတ်လုပ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစားအငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းထွက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စားများကို ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီး၊ မြန်မာသံအမတ်ကြီးနှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ကျွမ့်ဟွာတို့သည် မြန်မာအမျိုးသားပြခန်းဆောင်သို့ ဆက်လက်သွားရောက်၍ ပြခန်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ၊ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် မြန်မာပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ထားသော မန္တလေးမြို့ပတ်ဝန်းကျင်ဒေသ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်၊ ခရီးသွားဇုန်၊ အိမ်ရာတည်ဆောက်ရေးစီမံကိန်းများ အထူးပြုပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Liyuan Resort၊ International Conference Center တွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် အဓိကအစီအစဉ်ဖြစ်သော Institutional Opening-up for New Economic Growth အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး၊ ကွမ်ရှီးပြည်နယ်အုပ်ရေးမှူး၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့နှင့်အတူ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအကဲများ၊ သုတေသီများနှင့် ပညာရှင်များ၊ စီးပွားရေးဦးဆောင်သူများက ဒေသတွင်းစီးပွားရေး အရှိန်အဟုန်သစ်ဖြင့် ဖွံ့ဖြိုးလာစေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုများ၊ စံချိန်စံညွှန်းများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် တရုတ်-အာဆီယံ စံချိန်စံညွှန်းဇဟိုဌာန ထူထောင်ဖွင့်လှစ်ခြင်းအစီအစဉ်ကိုလည်း ကြေညာဆောင်ရွက်ခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်သတင်းဌာနများဖြစ်သည့် People's Daily၊ CGTN၊ China Media Group၊ China News Service၊ Guangxi Daily၊ Guangxi Radio and Television၊ Nanning Daily နှင့် Nanning Radio and Television ရုပ်သံဌာနတို့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီကျန်းက တည်ခင်းဧည့်ခံသော တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အကြိုဂုဏ်ပြုညစာစားပွဲသို့ အခြားအာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် ၂၀ မြောက်ပြီဖြစ်ကာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ တိုးတက် ထွန်းကားလာလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှု(Belt and Road Initiative-BRI)တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ တက်ရောက်သည်။

အဆိုပါညီလာခံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး GACC ၏ ဒုတိယဝန်ကြီး Mr. Lv. Weihong က ညီလာခံကို ဦးဆောင်ကျင်းပရာ တရုတ်နှင့် ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်ရာတွင် ပါဝင်သည့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ နိုင်ငံအသီးသီးမှ ပို့ကုန်သွင်းကုန်အစားအစာ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက Promoting Agricultural commodities Trade through Harmonization and Tightening of Food Safety standards among BRI Countries ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါညီလာခံအပြီးတွင် Terms of Reference for Institutional cooperation in Import and Export Food Safety for the Countries of the Belt and Road Initative–TOR ကို တက်ရောက်လာကြသည့် BRI အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက ပါဝင်လက်မှတ်ရေးထိုးကြပြီး ပူးတွဲကြေညာချက် (Joint Statement)ကို ထုတ်ပြန်ခဲ့သည်။




အစည်းအဝေးမကျင်းပမီ နံနက်ပိုင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့-GACC တို့အကြား လယ်ယာထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အပင်ပိုးမွှားရောဂါကင်းရှင်းရေး၊ တိရစ္ဆာန်(သား၊ ငါး) ရောဂါကာကွယ်ထိန်းချုပ်ခြင်း လိုအပ်ချက်သဘောတူစာချုပ်များလက်မှတ်ရေးထိုးပွဲ၌ နှစ်နိုင်ငံကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လယ်ယာသားငါးထွက်ကုန်များ၏ ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)များကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နေမှု၊ နာနတ်သီး၊ ပဲပုပ်၊ ကန်စွန်းဥ၊ ပီလောပီနံ၊ စပါးမျိုးစေ့၊ မွေးမြူရေးထွက်ကုန်အရှင်များ တင်ပို့နိုင်ရေးအတွက် သဘောတူစာချုပ် ထပ်မံလက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စများ၊ မက္ကဒေးမီးယား၊ ပြောင်းစေ့ချပ် (Corn flake)၊ ကွမ်းသီးစိမ်းတို့၏ ဈေးကွက်ဆန်းစစ်ချက်ဆိုင်ရာ အချက်အလက်များ၊ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးရေထွက်ကုန်ပစ္စည်း တင်ပို့ရေး အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယဲနိခ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယဲနိခ်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင်ရောက်ရှိရာ လေဆိပ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ကို မင့်စ်မြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယဲနိခ်ကို ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့ကိုအခြေခံကာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယဲနိခ်တို့က ပူးတွဲဦးဆောင်ကျင်းပခဲ့ကြရာ ဘယ်လာရုစ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာရော်ဂန်နီးရှက်စသာကော့ဗ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ဆောင်ရွက်ဆဲ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲများကျင်းပသွားရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့မြှင့်တင်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံက မှန်ကန်သည့်ရပ်တည်ချက်ကို အခြေခံကာ နားလည်မှုနှင့် ခိုင်မာစွာထောက်ခံမှုများအတွက် မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး မင့်စ်မြို့ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယဲနိခ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မင့်စ်မြို့ရှိ Falco-Agro နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူများက နို့စားနွားမွေးမြူမှုနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ မဟာမျိုးချစ်စစ်ပွဲ သမိုင်းပြတိုက်သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာရော်ဂန်နီးရှက်စသာကော့ဗ်နှင့်အတူ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မင့်စ်မြို့ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံတမန်အသိုက်အဝန်းနှင့် မင့်စ်မြို့ရှိ မြန်မာပညာသင်များလည်း တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၆ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကိုယ်စားလှယ်အဖွဲ့ကို နိုဗိုစီဗစ်မြို့တွင် နိုဗိုစီဗစ်ဒေသ ဒုတိယအုပ်ချုပ်ရေးမှူး(၁) မစ္စတာယူရီပက်တူကော့ဗ်နှင့်အဖွဲ့က နိုဗိုစီဗစ်မြို့ရှိ အထင်ကရနေရာများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး နိုဗိုစီဗစ်မြို့ဖွင့်လှစ်ရန် လျာထားသော အဆောက်အအုံနှင့် နေရာတို့ကို လိုက်လံပြသခဲ့ပြီး၊ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့မှ မန္တလေးမြို့သို့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI)ဖြင့် ပြန်လည်ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

☆ **ကျောဖုံးမှအဆက်**

လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ကိုးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၃၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၆ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန



အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန်လိုအပ်သူ ၂၅ ဦးကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက



လာရောက်ကြည့်ရှုအားပေးကြသည်။

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“အခုလိုမျက်စိတိမ်ပါ မမြင်ရလို့ခွဲစိတ်ကုသပါတယ်။ မမြင်ရတာလည်း တစ်လကျော်လောက်ရှိပါပြီ။ ဒီနယ်လှည့်ဆေးကုသအဖွဲ့နဲ့ကြုံလို့ မြင်ရမယ်ဆိုလို့ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော အပြင်မှာ ခွဲမယ်ဆိုရင် စရိတ်စကတွေ အများကြီး ဈေးကြီးပါတယ်။ ဒါကြောင့် ဒီမှာလာပြီး အခမဲ့ခွဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာဝန်၊ ဆရာမတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။”

“မနေ့က လာရောက်ခွဲစိတ်ကုသတာပါ။ မျက်လုံးအိမ်ကျဉ်းတော့ တော်တော်လေးခွဲယူရပါတယ်။ အခုကြတော့ ကောင်းသွားပါပြီ။ တဖြည်းဖြည်းတော့ တအားကြီးမြင်ရမှာပေါ့။ အခုဆိုလိုရှိရင် အရင်ကမမြင်ရတာတွေ မြင်ရပြီပေါ့။ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေ၊ သားတွေ၊ သမီးတွေကိုလည်း အရမ်းလည်း ကျေးဇူးတင်ပါတယ်။ ပိုက်ဆံမရှိလို့ မခွဲနိုင်ဘူး။ သေရင်တောင်အကန်းနဲ့ သေရမှာပါ။ အခုလို လာရောက်ခွဲစိတ်ကုသပေးတဲ့အတွက် မြင်ရပါပြီ။ ကျေးဇူးတွေအများကြီးတင်ပါတယ်။ မျက်မှန်တပ်ပေးတာ အကုန်လုံးကို၊ တစ်ဖွဲ့သားလုံးကို ကျေးဇူးတင်ပါတယ်။ အမေကြီးနဲ့ထပ်တူထပ်မျှ ရောဂါအမျိုးမျိုး၊ ဘေးအမျိုးမျိုး အန္တရာယ်အမျိုးမျိုး မှကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။ ကျန်းမာလို့ ချမ်းသာကြပါစေ။”

# ဥပဒေရုံး အရာထမ်းအိမ်ရာနှင့် ဥပဒေရုံးများ ဖွင့်လှစ်ပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ဥပဒေရုံးအရာထမ်းအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးနှင့် စမ်းချောင်းမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်နှင့် ဥပဒေအရာထမ်း၊ အမှုထမ်းများ၊ ဥပဒေရုံးအဆောက်အအုံများကို တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယရှေ့နေချုပ်၊ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်၊ ဒေါက်တာသီတာစမ်း၊ ဒေါ်ယုယုခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းကာ ဥပဒေရုံးသစ်ကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က စမ်းချောင်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရေများ ပက်ဖျန်းပေးကာ ဥပဒေအဆောက်အုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဥပဒေချုပ်ရုံးခန်းမတွင် ကျင်းပသည့် သန်လျင်ခရိုင် ဥပဒေရုံးအိမ်ရာသစ်၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးသစ်၊ စမ်းချောင်းမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဥပဒေရုံးအရာထမ်းအိမ်ရာသစ်နှင့် ဥပဒေရုံးသစ်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေရုံးသစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေရုံးများကို တာဝန်ယူ တည်ဆောက်ခဲ့ကြသည့် ကုမ္ပဏီများကိုယ်စား ဗိုလ်မင်းဗိုလ်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးရဲနောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သန်လျင်ခရိုင် ဥပဒေရုံးအရာထမ်းအိမ်ရာ၊ စမ်းချောင်းမြို့နယ် ဥပဒေရုံး၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ် မှတ်တမ်းအထောက်အထားများကို ဆောက်လုပ်ခွင့်ရကုမ္ပဏီများက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာက လက်ခံရယူသည်။

ယနေ့တွင် သန်လျင်ခရိုင် ဥပဒေရုံးအရာထမ်းအိမ်ရာ ၈၆ × ၃၅ ပေ၊ RC လေးခန်းတွဲ လေးထပ်တစ်လုံး၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးနှင့်အရာထမ်းအိမ်ရာ ရုံးဆိုင်းဘုတ် အပါအဝင် ၇၂ × ၄၆ ပေ၊ RC လေးခန်းတွဲ လေးထပ်တစ်လုံးနှင့် စမ်းချောင်းမြို့နယ် ဥပဒေရုံး၊ ရုံးခြံစည်းရိုးနှင့် ရုံးဆိုင်းဘုတ် အပါအဝင် ၃၈ ဒသမ ၆ × ၄၈ ဒသမ ၆ ပေ RC ငါးထပ် အဆောက်အအုံတို့ကိုဖွင့်လှစ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထောက်ရှာပင်ရေနံမြေ၊ မန်းရေနံမြေနှင့်ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး) စက်ပြုပြင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မကွေးတိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ၊ မန်းရေနံမြေနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)တို့ကို သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေရန် တွင်းအမှတ် ၈၈၅ တူးဖော်မှုနှင့် စက်ရုံပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က လိုအပ်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အလားအလာအသစ်များ စူးစမ်းရှာဖွေကြရန်လိုအပ်သကဲ့သို့ လက်ရှိထုတ်လုပ်နေမှုကို ရေရှည်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က အားပေးဆောင်ရွက်နေသဖြင့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာသစ်များအသုံးပြု၍ ရှာဖွေဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဖြည့်ဆည်းရေး လေ့လာသုံးသပ်တင်ပြရန်လိုအပ်ကြောင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံစိမ်းများကို လက်ခံသိုလှောင်ထားသော သံကန်တန်းများအား အဖျက်အမှောင့် လုပ်ငန်းများမရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး တွင်းအမှတ် ၈၈၅ တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန်းရေနံမြေသို့ ရောက်ရှိပြီး ထောက်ရှာပင်-ကမ်းနီရေနံမြေနှင့် မန်းရေနံမြေများမှ ထွက်ရှိသောရေနံစိမ်းကို ရေနံချက်စက်ရုံ၏ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ မန်းရေနံမြေမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)မှ ကုန်ကြမ်းအဖြစ်လည်းကောင်း အသုံးပြုလည်ပတ်သဖြင့် စက်ရုံများစဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး အင်ပြည့်အားပြည့်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းမှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေနံမြေစုပေါင်းခန်းမတွင် ရေနံမြေဝန်ထမ်းများနှင့်မိသားစုဝင်များအား တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)သို့ ရောက်ရှိပြီး စက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် Procedure နှင့် Guidline များအတိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်ကြံ့ခိုင်ကောင်းမွန်စေရေးဆောင်ရွက်နေစဉ်ကာလအတွင်း Control system အပိုင်းကိုလည်း စစ်ဆေးပြင်ဆင်ထားကြရန်လိုအပ်ကြောင်း၊ စက်ရုံပြန်လည်လည်ပတ်ပါက စက်စွမ်းအားပြည့်လည် ပတ်ထုတ်လုပ်နိုင်ရန်အရေးကြီးပါကြောင်း၊ စက်ရုံမှထွက်ရှိသော ရေနံဓာတ်ငွေ့ရည်ကို ပြည်သူများသို့ သက်သာလွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

မကွေးတိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ၊ မန်းရေနံမြေတို့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ စွမ်းအင်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သောရေနံဓာတ်ငွေ့ရည်ကို ပြည်သူများသို့ သက်သာလွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တရားမဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ QR Code (Vehicle Gate Pass Certificate)ကို အတုလုပ်ဆောင်၍ တင်ဆောင်လာသည့် ပြောင်းဖူးစေ့အိတ် ၁၄၄၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀၀ နှင့် အဆိုပါပြောင်းဖူးစေ့အိတ်များ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီး၊ MAM Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးတိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Bridge Stone ကားတာယာ ၁၄၁ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၀၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nidi Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Hdpe Plastic Sheets ကီလိုဂရမ် ၁၅၀၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၁၃၀၀ ကို လည်းကောင်း၊ မရမ်းချောင် အမြန်တမ်းစစ်ဆေးရေးစခန်း၌မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ပလတ်စတစ်ဆာလာအိတ် ကီလိုဂရမ် ၅၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၉၈၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၆၁၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူမြို့ အမှတ် (၃) ရပ်ကွက်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၈ ရက်မှ ၁၅ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၂၃၆၁၁၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Myo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နေ ကိုမျိုး (ခ) မျိုးဇော်ဝင်း ကို ညနေ ၄ နာရီတွင် ဥက္ကံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တူရကီနိုင်ငံတွင် တောမီးငြိမ်းသတ်ရန်ကြိုးပမ်းစဉ် ရဟတ်ယာဉ်တစ်စီးပျက်ကျ



**အင်ကာရာ စက်တင်ဘာ ၁၇**

တူရကီနိုင်ငံ အစ်ဇ်မီစီရင်စုတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးကိုငြိမ်းသတ်ရန်ကြိုးပမ်းနေစဉ် ရဟတ်ယာဉ်တစ်စီး မတော်တဆမှုဖြစ်ကာ ပျက်ကျသွားခဲ့သည်ဟု တူရကီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် အစ်ဇ်မီစီရင်စု အနောက်ဘက်ပိုင်းနှင့် မန်ဒါရက်စ်စီရင်စုတို့တွင် ဖြစ်ပွားနေပြီး လေကြောင်းမှ တောမီးငြိမ်းသတ်ရန်ကူညီပေးနေသည့် ရဟတ်ယာဉ်တစ်စီးသည် မန်ဒါရက်စ်စီရင်စုရှိ တက်တာလီ ရေလှောင်တမံအနီးတွင် အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီးနောက် ပျက်ကျခဲ့ကြောင်း တူရကီ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်ပေးနိုင်ဖို့အတွက် လေကြောင်းအကူအညီကို ရယူခဲ့ရပါတယ်။ လေကြောင်းအကူအညီပေးနေတဲ့ ရဟတ်ယာဉ်တစ်စီးဟာ တက်တာလီရေလှောင်တမံအနီးမှာ အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီးတော့ ပျက်ကျမှုဖြစ်ပွားခဲ့ပါတယ်။ ပျက်ကျသွားတဲ့ ရဟတ်ယာဉ်နဲ့ ရဟတ်ယာဉ်ပေါ် လိုက်ပါခဲ့သူတွေကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ပျက်ကျသွားတဲ့ရဟတ်ယာဉ်ဟာ တက်တာလီရေလှောင်တမံက ရေတွေကိုသယ်ပြီးတော့ တောမီးငြိမ်းသတ်ရာမှာ ပါဝင်ကူညီပေးနေတဲ့ ရဟတ်ယာဉ်ဖြစ်ပါတယ်"ဟု တူရကီစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဘရာဟင်မ်က ပြောကြားခဲ့သည်။

**Ref : AA**
**Trs : Sai Sat**

# နိုင်ဂျီးရီးယားနိုင်ငံ ဒယ်တာပြည်နယ်တွင် မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**အဘူဂျာ စက်တင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ ဒယ်တာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နိုက်ဂါမြစ်ရေလျှံတက်မှုဖြစ်ပွားသဖြင့် နေရာအနှံ့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည်ဟု ဒယ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုသည် ဒယ်တာပြည်နယ် နော့ဝါဒေသတွင် ဆိုးရွားနေပြီး အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကူညီပေးနေကြောင်း နော့ဝါဒေသအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးစတင်ရွာသွန်းကတည်းက ဒေသခံတချို့ကို ရေဘေးအန္တရာယ် ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ပါတယ်။ အထူးသဖြင့် နိုက်ဂါမြစ်နဲ့ နီးတဲ့နေရာတွေမှာ နေထိုင်တဲ့ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် သတိပေးချက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒေသခံတချို့ကိုတော့ အသက်ကယ်လှေတွေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ခဲ့ပေမဲ့လဲ ဒေသခံတချို့ကတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ငြင်းဆန်နေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့ ဧရိယာတွေမှာ နေထိုင်တဲ့ ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာမဖြစ်မနေရွှေ့ပြောင်းသင့်ပါတယ်။ အခုလို သတိပေးချက်တွေ အကြိမ်ကြိမ်ထုတ်ပြန်နေတာကလဲ ဒေသခံတွေ အသက်အန္တရာယ်ရှိနေတဲ့အတွက်ကြောင့်ပါ။ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ မဖြစ်စေဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ မနားမနေ အသက်ကယ်လှေတွေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းပေးဖို့ ကူညီဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်"ဟု ဒယ်တာပြည်နယ်ဝန်ကြီးချုပ်ရုံးမှ အတွင်းရေးမှူး ဖိလစ်အီဒီမန်ယာက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့် ဧရိယာများမှ ဒေသခံများကို မဖြစ်မနေ ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားသော်လည်း ဒေသခံတချို့က ရွှေ့ပြောင်းရန် ငြင်းဆန်နေခြင်းကြောင့် ကယ်ဆယ်ရေးဝန်ထမ်းများအနေဖြင့် အခက်တွေ့နေကြောင်း သိရသည်။

**Ref : Sun Online**
**Trs : Sai Sat**



# အမေရိကန်နိုင်ငံ မိန်းပြည်နယ်နှင့် ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်တွင် လီဟာရီကိန်းမုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးပြီး နေအိမ်များ လျှပ်စစ်မီးပြတ်တောက်နေ

**ဝါရှင်တန် စက်တင်ဘာ ၁၇**

လီ ဟုအမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ မိန်းပြည်နယ်နှင့် ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်မှုကြောင့် မိန်းပြည်နယ်တွင် လူတစ်ဦးသေဆုံးပြီး နေအိမ်များ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည်ဟု မိန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် သေဆုံးသူမှာ အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး သစ်ပင်ကျိုးကျရာမှ ယာဉ်မတော်တဆဖြစ်ကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မိန်းပြည်နယ်ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

"အမှတ်(၁) အမြန်လမ်းမကြီးမှာ မုန်တိုင်းကြောင့် သစ်ပင်ကျိုးကျပြီး ယာဉ်မတော်တဆဖြစ်ခဲ့တဲ့အတွက် အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ယောက် သေဆုံးခဲ့ပါတယ်"ဟု မိန်းပြည်နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိ ဘရိုင်ယန်က ပြောကြားခဲ့သည်။

လီ ဟာရီကိန်းမုန်တိုင်းကြောင့် မိန်းပြည်နယ်ရှိ နေအိမ် ၁၁ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၄၀ နှုန်းထိမြင့်တက်ခဲ့ကြောင်း၊ မုန်တိုင်းသည် မိန်းပြည်နယ်တွင် တိုက်ခတ်ခဲ့ပြီးနောက် ကနေဒါနိုင်ငံသို့ ဦးတည်တိုက်ခတ်ခဲ့ပြီး ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်တွင် နေအိမ် ၂၇ ရာခိုင်နှုန်းထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ကနေဒါနိုင်ငံ နယူးဘရန်ဇဝစ်ပြည်နယ်တွင်လည်း နေအိမ် ရှစ်ရာခိုင်နှုန်းနှင့် ပရင့်အက်ဝပ်ကျွန်းတွင် နေအိမ် သုံးရာခိုင်နှုန်းထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လီ ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံ နယ်စပ်တစ်လျှောက် တိုက်ခတ်နေခြင်းကြောင့် ရေကြောင်းပို့ဆောင်မှုများကို ယာယီရပ်ဆိုင်းထားပြီး မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များ အသုံးမပြုရန်လည်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : IBC**
**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)




၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# စိုက်ပျိုးထိန်းသိမ်းရမည့် ဝါး

## ညွန့်ဝင်း(နတ်တလင်း)

ယနေ့ကမ္ဘာကြီးတွင် အပူပိုင်းသစ်တောဒေသများ တစ်ဟုန်ထိုးလျော့ပါးလာနေမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ဒေသအလိုက်ဂေဟစနစ်ယိုယွင်းလာမှုများ တစ်စတစ်စများပြားလာသည်။ ၎င်းမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုကို ဖော်ပြနေခြင်းဖြစ်သည်။ ဂေဟစနစ်ဆိုသည်မှာ နယ်မြေဒေသတစ်ခုတွင် သက်ရှိမျိုးစိတ်အားလုံး စုပေါင်းနေထိုင်ကြပြီး ၎င်းတို့၏ သက်မဲ့ရုပ်ပိုင်းဆိုင်ရာ ရေ၊ မြေ၊ လေ၊ အပူချိန်၊ အာဟာရ၊ အလင်းရောင် စသည့်သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် လိုက်လျောညီထွေဖွဲ့တည်မှုကို ခေါ်ဆိုသည်။ ၎င်းတို့၏ လိုက်လျောညီထွေမှုများ ပျက်သုဉ်းလျှင် သက်ရှိလောက ရှင်သန်တည်မြဲရေးကို ထိခိုက်လာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ရေ၊ မြေဩဇာနှင့် အောက်ဆီဂျင်ဓာတ်ငွေ့များ ပေးစွမ်းသည့် သစ်ပင်များပြုန်းတီးလျှင် ရာသီဥတုမျှတကောင်းမွန်မှုမရှိတော့ဘဲ သက်ရှိလောကလည်း ပျက်စီးသွားမည်ဖြစ်သည်။ ထို့ကြောင့် သက်ရှိလောက ရှင်သန်တည်တံ့ရေးသည် သစ်တောသစ်ပင်များ တည်မြဲမှုအပေါ်တွင် မူတည်နေသည်ဟုဆိုနိုင်သည်။

သစ်တောသစ်ပင်များသည် လူနှင့်တိရစ္ဆာန်တို့အတွက် အောက်ဆီဂျင်ကိုပေးစွမ်းပြီး လူနှင့်တိရစ္ဆာန်တို့မှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနိုင်သည်။ သစ်တောများသည် လူတို့၏စည်းကမ်းမဲ့ ခုတ်ထွင်ခြင်းများကြောင့် တဖြည်းဖြည်း ပြုန်းတီးလာရသည်။ ယခုအခါ ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလျက်ရှိရာ ၎င်းသည် သစ်တောသစ်ပင်ပြုန်းတီးခြင်း၏ အကျိုးဆက်ဖြစ်၍ ဆုံးရှုံးသွားသော သစ်တောများ ပြန်လည်တည်ထောင်ပြုစုရေး၊ ရေဝေရေလဲဒေသများ ပြန်လည်ပြုစုထိန်းသိမ်းရေး၊ ပြည်သူအစုအဖွဲ့ ပိုင်သစ်တောများ တိုးချဲ့ထူထောင်ရေး၊ မြို့ပြတိုင်း၊ ကျေးရွာတိုင်း သစ်ပင်စိုက်ပျိုးရေး စသည့်လုပ်ငန်းတာဝန်များသည် နိုင်ငံနှင့်ပြည်သူအစုအဖွဲ့အပေါ် ကျရောက်လာသည်။

သစ်တောသစ်ပင်တို့သည် သက်ရှိတို့၏ ဂေဟစနစ်ကို များစွာအကျိုးပြုလျက်ရှိကြောင်း ပညာရှင်များက ဖော်ထုတ်သိရှိခဲ့ပြီးဖြစ်သည်။ နေကြာပင်တစ်ပင်သည် နွေရာသီကာလတွင် တစ်ရက်လျှင် ရေတစ်ဂါလန်ခန့်၊ ပြောင်းပင်တစ်ပင်သည် တစ်ရာသီအတွင်း ရေငွေ့လီတာ ၂၀၀ ခန့်၊ ဝက်သစ်ချပင်တစ်ပင်သည် တစ်နှစ်အတွင်း ရေတန်ချိန် ၂၀၀ ခန့်၊ ဂျုံတစ်ဧကလျှင် တစ်ရာသီအတွင်း ရေတန်ချိန် ၁၀၀၀ ခန့် လေထုထဲသို့ ထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။ လူနှင့်တိရစ္ဆာန်တို့က ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူရာ၌ သစ်တောတစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁၃ ဒသမ ၆ တန်ကိုလည်းကောင်း၊ ရေမှော်ရေညှိတစ်ပေါင်သည် ကာဗွန်ဒိုင်အောက်ဆိုက် ၂ ဒသမ ၂ တန်ကိုလည်းကောင်း လေထုအတွင်းမှ ပြန်လည်စုပ်ယူနိုင်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် လူနှင့်တိရစ္ဆာန်တို့မှ တိုက်ရိုက်ထုတ်လွှတ်မှုအပြင် လူတို့လုပ်ကိုင်သော လုပ်ငန်းများကြောင့်လည်း အများအပြားထွက်ပေါ်စေသည်။ ဥပမာအားဖြင့် ကျောက်မီးသွေးတစ်တန်ကို မီးလောင်ကျွမ်းလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၂ ဒသမ ၅ တန်ခန့်၊ ဓာတ်ဆီဂါလန် ၁၀၀ ကို မီးလောင်ကျွမ်းလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တစ်တန်ခန့်၊ ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေကီလိုဂရမ် ၁၀၀၀ ထုတ်လုပ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကီလိုဂရမ် ၉၀၀ ခန့်၊ ပလတ်စတစ်တစ်ကီလိုဂရမ်ကို မီးရှို့လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ သုံးကီလိုဂရမ်ခန့် လေထုထဲသို့ ထုတ်လွှတ်သည်။ ထို့မျှများပြားသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏကို သစ်ပင်များ အင်အားကောင်းမှသာ စုပ်ယူဖျောက်ဖျက်နိုင်ပေမည်။

သစ်တောသစ်ပင်များစိုက်ပျိုးရာတွင် အရင်းအနှီးကုန်ကျမှုနည်းနည်း၊ အချိန်တိုတိုနှင့် စိုက်ပျိုးနိုင်သော အပင်များရှိသကဲ့သို့ အရင်းအနှီးများများနှင့် နှစ်ရှည်ပြုစုစိုက်ပျိုးရသည့် အပင်များလည်းရှိသည်။ တစ်ဖန် အရင်းအနှီးအသင့်အတင့်နှင့် အကျိုးများများဖြစ်ထွန်းနိုင်သော အပင်များလည်း စိုက်ပျိုးနိုင်သည်။ ၎င်းတို့အနက်မှ နှစ်တိုတိုနှင့် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ကုန်ကျစရိတ်လည်းမများသော နှစ်တိုစိုက်ပျိုးပင် ဝါးအကြောင်းဖော်ပြလိုပါသည်။ ဝါးပင်တွင် ထူးခြားသော ဂုဏ်အင်္ဂါများရှိပြီး များစွာအကျိုးဖြစ်ထွန်းစေသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၃၀၀၀ အတွင်း ကုန်းမြေတွင် စိုက်ပျိုးနိုင်ပြီး မိုးရေချိန် ၃၉ လက်မမှ ၁၅၇ လက်မအတွင်းဖြစ်ထွန်းသည်။ မြေချဉ်ငန်ဓာတ် ၅ မှ ၆ ဒသမ ၅ အတွင်းနှင့် အပူချိန် ၈ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်အတွင်းတွင် ရှင်သန်ကြီးထွားသည်။



စာရေးသူတို့ ငယ်စဉ်ကတည်းက ဝါးနှင့်ပတ်သက်သည့် စကားထာကို ပြောဆိုဂုဏ်ကစားကြဖူးသည်။ ၎င်းမှာ "အစ်ကိုအကြီး အိမ်ရာပြီး၏။ ညီငယ်အလတ်နှီးနွယ်တတ်၏။ ညီငယ်အထွေး ဟင်းချိုကျွေး၏"ဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ သက်ရင့်ဝါးသည် အိမ်ရာဆောက်လုပ်ရာတွင် သုံးနိုင်၏။ သက်လတ်ဝါး(မနုမရင့်ဝါး)သည် နှီးဖြာသုံးစွဲ၍ကောင်း၏။ ဝါးမဖြစ်သေးသော ဝါးစို့(မျှစ်)သည် ဟင်းချက်စားသောက်နိုင်၏။ ဝါးပင်၏ အစိတ်အပိုင်းအားလုံးသည် သူ့နေရာနှင့်သူ အသုံးဝင်သည်ချည်းဖြစ်သည်။ ဝါးပိုးဝါးမှ ဝါးပေါက်ကို ခမောက်အမျိုးမျိုးပြုလုပ်သုံးစွဲကြသည်။ အချို့ဒေသများတွင် သက်နုဝါးကို မီးရှို့ပြာချပြီး ဝါးပြာရည်ကို ကျိုချက်၍ ငံပြာရည်၊ ဟင်းခတ်ရည်အဖြစ် အသုံးပြုကြသည်ဟု သိရသည်။

ဝါးကို ရှေးက အိမ်ဆောက်ရာတွင် သစ်ကြီးဝါးကြီး မသုံးနိုင်သူများ သုံးကြသည်ဟု သတ်မှတ်ဟန်ရှိသည်။ တတ်နိုင်သူများက သစ်များကိုသာသုံးစွဲ၍ အိမ်ဆောက်ကြသည်။ ထို့ကြောင့် ဝါးကို ဆင်းရဲသားသုံးသစ်(Poor man's Timber)ဟုလည်းကောင်း၊ သစ်မရမီ ဝါးပေါင်းကွပ်ဟုလည်းကောင်း ဝါးကိုတန်ဖိုးနိမ့်ကျသည့်နေရာတွင်သာ ထားခဲ့ကြသည်။ ယခုအခါ ဝါးကို ခုံမင်နှစ်သက်စွာ အမျိုးမျိုးပြုလုပ်သုံးစွဲလာကြသည်ကို တွေ့ရသည်။ ကျွန်းသစ်ကို ရွှေဝါ(Yellow Gold)ဟု ခေါ်လာကြသကဲ့သို့ ဝါးကိုလည်း ရွှေစိမ်း(Green Gold)ဟု တန်ဖိုးထားခေါ်ဝေါ်သုံးစွဲလာကြသည်။ ဝါးကို ၂၁ ရာစု သစ်ကဲ့သို့ နေရာပေးရေး Marking bamboo the timber of twenty-first century ဟူသော အဆိုတစ်ရပ်လည်း ပေါ်ပေါက်လာပါသည်။

ဝါးသည် သစ်ကဲ့သို့ပင် သူ့ဂုဏ်သတ္တိနှင့်သူ နှစ်သက်တန်ဖိုးထားဖွယ် ဂုဏ်ရည်များနှင့်ပြည့်စုံနေသည်။ သစ်ကို သုည ဒသမ ၂၅ မီလီမီတာထိ ပါးလွှာနိုင်သကဲ့သို့ ဝါးကိုလည်း သုည ဒသမ ၂ မီလီမီတာထိ ပါးလွှာနိုင်သည်။ ဆွဲဆန့်နိုင်မှုအားတွင် ဝါးက သံမဏိထက် ၂၁ ရာခိုင်နှုန်းပိုမိုခံနိုင်သည်။ အသား၏ ဆန့်နိုင်ကျုံ့နိုင်စွမ်းတွင် ဝါးက ထင်းရှူးသားထက် နှစ်ဆခန့်သာလွန်သည်။ ဧရိယာအကျယ်အဝန်းနှင့် အပင်သက်တမ်းတူညီပါက ဝါးတောများ၏ အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လွှတ်နိုင်မှုသည် သစ်တော၏အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လွှတ်နိုင်မှုထက် ၃၅ ရာခိုင်နှုန်း ပိုမိုသည်။ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုတွင်လည်း ဝါးတော တစ်ဟက်တာ၏ တစ်နှစ်စုပ်ယူနိုင်မှုသည် ၆၂ တန်ရှိပြီး သစ်တောထက် ၄ ဒသမ ၅ တန်ပိုမို စုပ်ယူနိုင်သည်။ ဝါးသည် သစ်နှင့်ယှဉ်လျှင် အငွေ့ပြန်ဇီဝကွန်ပေါင်းအထွက်နည်းသဖြင့် အဆောက်အအုံများ၏ ကြမ်းခင်းနှင့် အကာအရံများအတွက် သင့်လျော်ကောင်းမွန်သည်။ ဝါးမီးသွေးသည် သစ်သားမီးသွေးထက် မကောင်းသောအနံ့ဆိုးများ စုပ်ယူမှုခြောက်ဆပိုသည်။

စက္ကူထုတ်လုပ်ရာတွင် သစ်သားပျော့ဖတ်ကိုလည်းကောင်း၊ ဝါးပျော့ဖတ်ကိုလည်းကောင်း သုံးစွဲထုတ်လုပ်ကြသည်။ သို့သော် ဝါးပျော့ဖတ်ကို အသုံးပြုထုတ်လုပ်သော စက္ကူက သစ်သားပျော့ဖတ်ကို အသုံးပြုထုတ်လုပ်သောစက္ကူထက် အရည်အသွေးပိုမိုကောင်းမွန်သည်။ တိုးတက်လာသော နည်းပညာခေတ်တွင် သစ်မှ ချည်မျှင်များထုတ်လုပ်လာကြသကဲ့သို့ ဝါးမှလည်း ချည်မျှင်များ ထုတ်လုပ်လာကြပြီဖြစ်သည်။ ၎င်းတွင်လည်း ဝါးမှထုတ်လုပ်သော ချည်မျှင်က သစ်သားမှထုတ်လုပ်သောချည်မျှင်ထက် ပိုမိုနူးညံ့ပြီး အနံ့အသက်စုပ်ယူမှုလည်း ပိုမိုအားကောင်းသည်။ ထို့ကြောင့် အဝတ်အထည်၊ အိမ်သုံးပစ္စည်းများနှင့်အညစ်အကြေးခံထည်များ ပြုလုပ်သုံးစွဲလာကြသည်။ တစ်ဖန် သုတေသနရလဒ်နှင့် လက်တွေ့တီထွင်သုံးစွဲလာမှုများအရ အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် သံမဏိကွန်ကရစ်နှင့် ဝါးကိုအခြေခံတည်ဆောက်လာမှုကို တွေ့ရသည်။

သို့ရာတွင် ယခုအခါ သံမဏိများ သံချေးတက်မှုကြောင့် ပြင်ဆင်ရသည့်ကုန်ကျစရိတ်များကို ထည့်သွင်းစဉ်းစားလာရပြီဖြစ်သည်။ ထို့ပြင် သံမဏိ၏ဆိုးကျိုးများကိုလည်း ဖော်ထုတ်သိရှိလာကြပြီဖြစ်သည်။ သံမဏိထုတ်လုပ်ရာတွင် အလေးချိန် ၁၆ ဒသမ ၂၁ ကီလိုဂရမ်၊ ထု တစ်လက်မနှင့် တစ်ပေပတ်လည်ရှိသော သံမဏိပြားတစ်ချပ်ထုတ်လုပ်လျှင် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁၂ ဒသမ ၄ ကီလိုဂရမ်ထုတ်လွှတ်ပြီး စွမ်းအင်ကိုလည်း ၂၈ ဒသမ ၃၆ ကီလိုဝပ်နှင့်ညီမျှသောပမာဏကို သုံးစွဲရသည်။ ထိုအချက်များကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း သုတေသနလေ့လာဖော်ထုတ်မှုအရ သိရှိလာရပြီး ကမ္ဘာ့ဝါးကွန်ဂရက်များနှင့် ဝါးကောင်စီတို့အတွက် အားတက်စရာဖြစ်ခဲ့သည်။ ဝါးသည် ရာသီဥတုနှင့် သဘာဝအရင်းအမြစ်ကို ထိန်းသိမ်းနိုင်မှုအားကောင်းသည်။ ဝါးတစ်ရုံသည် မြေထုနှင့် ရေထုကို ခြောက်ကုဗမီတာအဝန်းအဝိုင်းထိ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထွက်ကုန်ပမာဏချင်း နှိုင်းယှဉ်လျှင် တစ်ဟက်တာဧရိယာ၏ ကုန်ထွက်ပမာဏ၌ ဝါးတော၏ ထွက်နှုန်းက သစ်တော၏ ထွက်နှုန်းထက် နှစ်ဆမှ သုံးဆထိ ပိုများကြောင်းတွေ့ရှိရသည်။

ယခင်က ဝါးကို သစ်မဟုတ်သော မြက်မျိုးနွယ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့သော် နည်းပညာတိုးတက်လာသောခေတ်တွင် လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံ၊ နေရာမျိုးစုံတွင် ဝါး၏အရေးပါမှုက ပိုမိုတွင်ကျယ်လာခဲ့ပြီဖြစ်သည်။ ထိုမျှသာမက ရာသီဥတုနှင့် ဂေဟစနစ်ကို ထိန်းသိမ်းရာတွင် ထိရောက်အကျိုးများသော ရုက္ခအရင်းအမြစ်ဖြစ်ကြောင်း သိရှိခဲ့ကြပြီဖြစ်သည်။ ဝါးစိုက်ပျိုးခြင်း၊ သဘာဝဝါးတောများကို ထိန်းသိမ်း၍ စည်းကမ်းနှင့်သုံးစွဲခွင့်ပြုခြင်း၊ ဝါးစိုက်ပျိုးမှုကို အားပေးခြင်းတို့ပြုသင့်သည်။ ဈေးကွက်တွင် မျှစ်များအလွန်အကျွံ သုံးစွဲရောင်းဝယ်နေကြသည်ကိုတွေ့နေရသဖြင့် မျှစ်ဖြုန်းတီးမှုကို အကန့်အသတ်နှင့်တားမြစ်သင့်ပေသည်။ ထို့ပြင် ဝါးများကို ကားကြီး၊ ကားငယ်များဖြင့် တင်ဆောင်သယ်ပိုးနေကြသည်မှာ ဝါးတောတွင် ဝါးများပင်ကျန်ခဲ့ပါလေစဟု တွေးစရာဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားမိပြီး "မျှစ်လည်းစားသာ ဝါးလည်းဖြစ်သာ"နှင့် "ဝါးလည်းသုံးသာ တောလည်းစည်သာ"ဟူသော ဆောင်းပါးနှစ်ပုဒ်ကို စာရေးသူ ရေးသားသတိပေးခဲ့ဖူးပါသည်။

သဘာဝကပေးသော အရင်းအမြစ်များသည် ကျွန်ုပ်တို့ကို များစွာအကျိုးပြုလျက်ရှိပေသည်။ ထိုအထဲတွင် ဝါးလည်း တစ်ခုအပါအဝင်ဖြစ်သည်ကို မည်သူမျှမငြင်းနိုင်ပေ။ သဘာဝကပေးသော ကောင်းကျိုးအရင်းအမြစ်များကိုလည်း လူတိုင်းထိန်းသိမ်းရမည့် တာဝန်ရှိသည်ဆိုလျှင်လည်း လက်ခံရမည့်အချက်ဖြစ်သည်။ ထို့ကြောင့် အရင်းအနှီးကုန်ကျစရိတ်လည်းနည်းပြီး အကျိုးဖြစ်ထွန်းမှုတန်ဖိုးကြီးသော ဝါးကို လူတိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးသင့်သည်။ သဘာဝအလျောက် ပေါက်ရောက်နေသော ဝါးတောများကိုလည်း စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်ရပေမည်။ ထိုသို့စိုက်ပျိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဝါးရင်းမြစ်မျိုးသုဉ်းပျောက်ကွယ်မှုကို ကာကွယ်တားဆီးရာရောက်သကဲ့သို့ မိမိနေထိုင်သည့် ပတ်ဝန်းကျင်၏ ရာသီဥတုကို မျှတကောင်းမွန်အောင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းမည်ပေသည်။ သို့ဖြစ်ရာ ဝါး၏တန်ဖိုးကိုသိသူ၊ ဝါးကိုချစ်မြတ်နိုးသူများအနေဖြင့် ဝါးကိုတာဝန်သိသိစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။


**ကိုးကား**

- **လူတိုင်းအတွက် အစိမ်းရောင်စီးပွားရေးနှင့် လူနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ (အောင်စည်ဟိန်း)**
- **သဘာဝပတ်ဝန်းကျင်အလှ ထိန်းသိမ်းကြ (ဦးရဲဝေ-မြန်မာစာ)**

0w Kw H @

# ဝန်

ချစ်သက်(မြန်မာစာ)



(၁)

"ကိုသောင်းတင် ကိုသောင်းတင် မထသေးဘူးလား။ နေဖင်ထိုးနေပြီ တကတဲ အိပ်နေတာ ကုလားသေကုလားမော"

ကိုသောင်းတင်သည် ဇနီးသည် ဒေါ်အေးသန်း အသံကျယ်ကျယ်အော်နိုးမှ အိပ်ရာက လူးလဲထလေ၏။

"ထပြီ မိန်းမရေ ထပြီ။ ညက ညဉ့်နက်သွားလို့ပါကွာ။ အေးသန်း ဘယ်အချိန်ရှိပြီတုံးဟ"

ကိုသောင်းတင်သည် ပုဆိုးကို စလွယ်သိုင်း၍ ပြောလိုက်ခြင်းဖြစ်၏။

"၇ နာရီကျော်ပြီရှင့် ၇ နာရီကျော်ပြီ။ ရှင်နော် အောက်က ဘောင်းဘီနဲ့ သူစိမ်းမရှိလို့ တော်ပါသေး။ ကဲ. . . ညက အခြေအနေ"

"ကောင်းပါတယ် မိန်းမရာ။ ဟော ဟိုတောင်းထဲမှာ ကြွက်တွေ ကင်ပြီးသား အဆင်သင့်။ ရောင်းဖို့ပဲ ကျန်တော့တယ်။ ညက ပြန်လာတာ နောက်ကျတာရယ်၊ မိန်းမ ပင်ပန်းမှာစိုးလို့ရယ် ကြွက်တွေကို အရေခွံဆုတ်ပြီး ကင်လိုက်တယ်။ ဘောင်းဘီတောင် မချွတ်နိုင်ဘူး တန်းအိပ်လိုက်တာပဲ ဟဲဟဲ"

ဇနီးသည် ဒေါ်အေးသန်းအား ကြွက်ကိုဗန်းပြ၍ ကိုသောင်းတင် မျက်နှာလို မျက်နှာရ ဖားလိုက်ရ၏။

"ပြီးရော စားပွဲပေါ်မှာ ထမင်းကြမ်း၊ ဘူးသီးကြော်နဲ့ ထည့်ခဲ့တယ်။ သမီးလေးကိုနိုးပြီး ကျွေးထားလိုက်"

ကိုသောင်းတင်မှာ ဇနီးသည် ပြောစကားကို နားထောင်၍ ခေါင်းကလေး တညိတ်ညိတ်။ ဒေါ်အေးသန်းသည် ကိုသောင်းတင် ရှာပြီးအသင့်ပြုလုပ်ပေးထားသော ကြွက်မီးကင်များကိုယူပြီး ဈေးထဲသို့သွားလေ၏။ ကိုသောင်းတင်နှင့် ဒေါ်အေးသန်းသည် လက်လုပ်လက်စားများဖြစ်ကြ၏။ အပျိုလူပျိုသဘာဝ နှစ်ဦးသဘောတူ ချစ်ကြိုက်ပြီး တစ်အိုးတစ်အိမ် ထူထောင်လိုက်ခြင်းဖြစ်၏။ ကိုသောင်းတင်သည် မိုးတွင်းအခါ ငါးရှာသည်။ ရလာသမျှ ငါးများကို ဒေါ်အေးသန်းက ဈေးထဲသို့သွား၍ ရောင်းရသည်။ ဆောင်းတွင်းသို့ ရောက်လျှင် ငါးများကုန်သလောက်ရှိပြီမို့ ပဲခင်းများ၊ စပါးရိတ်ထားသော လယ်ခင်းများ၊ ရိုးကြိုရိုးကြားနှင့် နွေစပါးစိုက်ခင်းများတွင် ကြွက်များကို ထောင်သည်။ လည်ညှပ်၊ သုတ်တံ၊ ကြွက်ဘူး စသည့် လက်နက်စုံလုပ်၍ ကြွက်ရှာသည်။ တစ်ညလုံး ကြွက်ကိုင်းများမှ မိသောကြွက်များကိုဖြုတ်ပြီး ညဉ့်နက်မှ အိမ်သို့ပြန်လာတတ်သည်။ အကုသိုလ် အကျိုးပေးသည်ဟုဆိုရပေမည်။ မည်သူမျှ ငါး၊ ကြွက်မရလျှင်ပင် ကိုသောင်းတင် ရသည်။ ရသည့် ငါး၊ ကြွက်များကို ရာသီအလိုက်ရောင်း၍ ဝမ်းရေးကိုဖြေရှင်းနေရသော မိသားစုပင်ဖြစ်သည်။ ယခုဆို ကိုသောင်းတင်တွင် ခြောက်နှစ်အရွယ် သမီးလေးတစ်ယောက် ရနေပြီဖြစ်သည်။

(၂)

သူရိန်နေမင်းသည် မိမိအစွမ်းကို အားကုန်ထုတ်လျက် လောကကြီးကို မင်းမူနေ၏။ နေမင်း၏ အပူရှိန်ကြောင့် ရွက်ဟောင်းအိုများ မြေပေါ်သို့ ဝဲကာဝဲကာ ကြွေကျနေ၏။ နေပူထဲမှ ဒေါ်အေးသန်း ဆန်ထုပ်ကို ခေါင်းပေါ်ရွက်လျက် ပြန်လာ၏။ လက်ထဲတွင်လည်း ဆားနှင့်ဆီ အနည်းငယ် ဝယ်လာသည်။

"ကိုသောင်းတင်ရေ ပူချက်ကတော့ ငရဲပြည် ရောက်နေသလား မှတ်ရတယ်။ ပူတယ်တော့ ပူတယ်"

ဒေါ်အေးသန်းက ပူသည့်အကြောင်း ပြောရုံရှိသေး ကိုသောင်းတင် ရေခပ်၍ ဒေါ်အေးသန်းကို တိုက်၏။

"အဲဒီလို အလိုက်သိတာလေးတွေ ချစ်ရတာ ကိုသောင်းတင်ရေ။ ရှင်ရတဲ့ ကြွက်တန်ဖိုးက အခုကျွန်မဝယ်လာတဲ့ ဆန်နဲ့ဆီ အလောက်ပဲတော်၊ နည်းနည်းတောင် မပိုဘူး။ ကုန်ဈေးနှုန်းတွေက တက်လိုက်တဲ့ဈေး မိုးပေါ်ပျံနေတာပဲ။ ကျတယ်ကို မရှိဘူး။ မိုးတွင်းရောက်ရင် ဘယ်လိုရှာဖွေစားသောက်ရမလဲ မတွေးဝံ့စရာပဲတော်။ ကျွန်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လူတန်းစားတွေအတွက်ကတော့ မလွယ်ရေးချ မလွယ် ဟင်း"

ဒေါ်အေးသန်းသည် ကုန်ဈေးနှုန်းအကြောင်းကို ပြောပြီး သက်ပြင်းရှည်ကြီး ချလိုက်၏။

"သြော်. . . မိန်းမကလဲ ဘာပူစရာတုန်း ကိုသောင်းတစ်ယောက်လုံးရှိတယ်။ ဆီဈေး၊ ဆန်ဈေးတွေ ကြိုက်သလောက်တက်ပါစေ ကိုသောင်းတို့ကတော့ မမှုဘူးဟေး အာဘွား"

ကိုသောင်းတင်သည် ဒေါ်အေးသန်း၏ ပါးပြင်ကို အားရပါးရ နမ်းလိုက်၏။

နွေစပါးများသည် ရွှေတုံး၊ ရွှေခဲများ ဖြန့်ထားသကဲ့သို့ ဝင်းဝါနေ၏။ စပါးခင်းထဲတွင် ကိုသောင်းတင်တစ်ယောက် ကြွက်လည်ညှပ်များကို လိုက်ထောင်နေ၏။

"သီးကြစမ်းကွာ သီးကြ၊ မင်းတို့တွေ သီးလေငါ့ကြွက်တွေစားလေ။ ဟဲဟဲ. . . ငါလဲ ကြွက်အကြီးကြီးတွေရလေ။ အဲဒါမှ အိမ်စရိတ်ကာမိမှာ။ အဲ. . . တောင်သူတွေ ဆန်ရေစပါး များများရတော့ ငါတို့လဲ အနေလှမှာ"

ကိုသောင်းတင်သည် တစ်ယောက်တည်း ကြွက်ထောင်ရင်း မိမိကိုယ်ကို ပြောနေခြင်းဖြစ်၏။

(၃)

"မင်္ဂလာပါရှင်။ ယနေ့ မိုးလေဝသအခြေအနေ ခန့်မှန်းချက်ကတော့ မြန်မာစံတော်ချိန် မနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ၎င်းနှင့်ဆက်စပ်သော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါအဖြစ်ရောက်ရှိပြီး ရခိုင်ပြည်နယ် ကျောက်ဖြူသို့ ဖြတ်ဝင်ကာ လေပြင်းတိုက်ခိုက်မှု၊ မိုးကြီးမှုများ ဖြစ်နိုင်ပါတယ်"

"ဟေး. . . ပျော်လိုက်တာ ပျော်လိုက်တာ"

မိုးလေဝသ သတင်းကို နားထောင်ပြီး ကခုန်နေသော ကိုသောင်းတင်ကို ဒေါ်အေးသန်းက-

"ကိုသောင်းတင် ရှင်အဲဒီမှာ ပျော်နေ။ မုန်တိုင်းဝင်မှာဆို သတိနဲ့နေရမှာလေ"

"ဟာ. . . မိန်းမကလဲ မုန်တိုင်းက ရခိုင်ဝင်မှာလေ။ ငါတို့ ရောဝတီကို အဖျားလောက်ပဲရောက်မှာ။ ဒီကြားထဲ မိုးရွာရင် ငါ့အတွက်က ရွှေပဲ မိန်းမရ ရွှေပဲ။ သွား မိန်းမရေ ဘက်ထရီအိုးကို ဆိုလာသေချာချိတ်ထားပြီးရင် ကျပ်ခိုးတင်ထားတဲ့ကြိမ်လုံး ယူပေးစမ်းပါကွာ"

"ရှင် အဲဒါတွေက ဘာလုပ်မလို့တုံး"

"ဖားရိုက်ဖို့ မိန်းမရ ဖားရိုက်ဖို့။ မင်းကလေ တစ်ခါတလေ တုံးတယ်။ မိုးရွာတော့ ဖားရမယ်၊ ဖားရတော့ ငွေရမယ်လေ ဟဲ ဟဲ"

ဒေါ်အေးသန်းသည် ကိုသောင်းတင် ခိုင်းသမျှကို အကုန်လုပ်ထားပေး၏။ ကိုသောင်းတင်သည် မိုးကို လည်တံရှည်ရှည်နှင့် မျှော်နေ၏။ ညနေ ၃ နာရီခန့်တွင် လေပြည်များတိုက်ခတ်လာ၏။ ကောင်းကင်သည် မှောင်မည်းလာ၏။ မိုးခြိမ်းသံကို တစ်ချက် တစ်ချက် ကြားရ၏။ ခဏကြာလျှင် မိုးပေါက်လေးများ မြေပေါ်သို့ သက်ဆင်းလာ၏။ မြေပြင်မှဖုန်တို့သည် မိုးရေနှင့် ပေါင်းစပ်မိသောအခါ အနံ့ကလေးမှာ သင်းနေ၏။ ကိုသောင်းတင်၏မှန်းချက် ကွက်တိဖြစ်လေ၏။ မိုးများ အငြိုးကြီးလေသလား၊ ဝေါခနဲ ဝေါခနဲ ရွာချ၏။ လေကြမ်းတို့၏ တိုက်ခတ်မှုဒဏ်ကြောင့် သရက်သီးများ မြေပေါ်သို့ ပြုတ်ကျလာလေ၏။ နေဝင်သွားသောအခါ မိုးစဲသွားလေ၏။ ဖားအော်သံတို့ကို စတင်ကြားရလေ၏။ ကိုသောင်းတင်သည် ဘက်ထရီအိုးကို လက်တစ်ဖက်က ကိုင်၊ တစ်ဖက်က ကြိမ်လုံးကိုကိုင်ပြီး မီးကို နဖူးတွင်တပ်ဆင်၍ လယ်ထဲသို့ဖားရိုက်ရန် ထွက်သွားလေ၏။

"သောင်းတင် လာပြီဟေ့၊ သောင်းတင်လာပြီ"

"သေချာဂရုစိုက် သွားအုံးနော် ကိုသောင်းတင်"

"အေးပါ မိန်းမရာ"

(၄)

"လတ်လတ်ဆတ်ဆတ် ဖားတွေ ရမယ်ရှင့် ဖားတွေရမယ်"

ဒေါ်အေးသန်းသည် ညက ကိုသောင်းတင် ရိုက်လာသော ဖားများကို ဈေးထဲ၌ရောင်းနေခြင်းဖြစ်၏။

"အေးသန်း ဖားလက်တက် ဘယ်ဈေးတုံး"

"၁၂၀၀ ပါ အစ်မ"

"ဟို ဖားဖိုတွေကော"

"၁၆၀၀ ပါ။ အစ်မယူမယ်ဆို ၁၅၀၀ နဲ့ ယူလေ အစ်မ"

"နင်တို့ ဖားဈေးတွေကလဲ ဈေးကြီးလိုက်တာ တကတဲ ကြက်သားဈေး၊ ဝက်သားဈေးတောင် မီနေပြီ။ ဘာအရင်းမှ စိုက်ရတာလဲ မဟုတ်"

"အဲဒီလိုတော့ မပြောပါနဲ့ အစ်မရယ်။ ဘယ်အရာမှ အလကားရတာ မဟုတ်ပါဘူး။ ညဘက်ကြီး မြွေပါးကင်းပါး မကြောက်မရွံ့ သွားရှာရတာ အသက်တောင်ရင်းရပါတယ် အစ်မရယ်။ ခုလဲ ရာသီစာဖားက ပေါ်ဦးပေါ်ဖျားမို့ပါ။ ဒါကြောင့် ဈေးတော့မဆစ်ပါနဲ့နော်"

ဒေါ်အေးသန်းသည် ဈေးဝယ်အစ်မကြီးကို လေသံပျော့ပျော့ဖြင့် ဖားရှာရသည်မှာ ခက်ခဲကြောင်း ရှင်းပြနေ၏။

"ကဲ ကဲ ဖားဖို ၅၀ သားလောက်ထည့်"

"ဟုတ်ကဲ့ အစ်မ၊ ဒီမှာ ပိုပိုလေး ထည့်ပေးလိုက်တယ်နော်"

မိမိလိုချင်သောဈေးဖြင့် ရောင်းရသောကြောင့် ဒေါ်အေးသန်း ပျော်နေ၏။ ဖားရောင်းတာ ငါးသောင်းလောက် ရလိုက်၏။

"မေမေ ဖားသားကော ဖားသားစားချင်တယ်"

"သမီးရယ် ဒီနေ့တော့ ဥဥလေးနဲ့စား။ မနက်ဖြန် ဖားသားချက်ကျွေးမယ် ဟုတ်ပြီလား"

"မိန်းမကလဲကွာ သမီးပြောတာ ဟုတ်သားပဲ။ ပေါ်ဦးပေါ်ဖျား ဖားသားလေးတော့ စားချင်တာပေါ့။ ပန်းပဲသမား ဓားကောင်း မကိုင်ရဆိုသလို ဖြစ်နေပြီ"

"အဲဒီလို ဖြစ်ရမယ် ကိုသောင်းတင်ရေ။ မနက်က ဖားဈေးကောင်းကောင်းရတာနဲ့ အကုန်ရောင်းလိုက်တာ။ မနက်ဖြန်ချန်ထားမယ်နော် ဒီနေ့တော့ သည်းခံပြီး ကြက်ဥလေးနဲ့စား ဟုတ်ပြီလား"

ငါးပိချက်၊ တို့စရာ၊ ကြက်ဥချက်လေးနှင့် မိသားစု ထမင်းဝိုင်းလေး အေးချမ်းလှသည်။ ကိုသောင်းတင်လည်း စားကောင်းကောင်းနှင့် သုံးလုံးချက်ထမင်းကို စားပစ်လိုက်သည်။

"ဗိုက်ကို ကားသွားတာပဲ"

"ဖြည်းဖြည်းထ ကြမ်းကျိုးနေမယ်"

ဒေါ်အေးသန်းသည် ကိုသောင်းတင်ကို စလိုက်၏။

"ဖေဖေ ကျောင်းတက်ရတော့မယ် စာအုပ်တွေ ဝယ်ပေးအုံး"

"အေးပါ သမီးရဲ့၊ ကျောင်းလဲ အပ်ပေးမယ်၊ ကျောင်းဝတ်စုံ၊ လွယ်အိတ် အားလုံးဝယ်ပေးမယ်နော် သမီးလေး"

"ဒါမှ တို့ဖေကြီးကွ"

"ကျောင်းအပ်ခနဲ့ စာအုပ်ဖိုးတွေက အခမဲ့တဲ့။ တရားဝင်ကြေညာထားတာပဲ။ ကိုသောင်းတင် ဝတ်စုံဖိုး၊ လွယ်အိတ်တော့ ဝယ်ပေးရမယ်"

သမီးလေးကို ကျောင်းထားပေးဖို့ တာဝန်သည် ကိုသောင်းတင်၏ ပခုံးပေါ်သို့ ထမ်းရမည့်ဝန်တစ်ခု ထပ်တိုးလာ၏။

"မိန်းမရေ ဘက်ထရီ အားသွင်းထားတယ်မဟုတ်လား"

"သွင်းထားပါတယ်ရှင့်"

စာမျက်နှာ ၂၅ သို့

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၇၂၇၆၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၇၂၇၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၉၁၆၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၇၆၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဒီနှစ် ဆီထွက်သီးနှံ ဧက ၉၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၇၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံ တိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၄၅၀၁ ဧက၊ နှမ်း ၃၂၅၅၆ ဧက၊ နေကြာ ၅၇၀၈ ဧက စုစုပေါင်း ၇၂၇၆၅ ဧက တို့ဖြစ်ကြောင်းလျာထားမှုအနေဖြင့် မြေပဲ ၃၅၇၈၂ ဧက၊ နှမ်းဧက ၅၀၁၃၀၊ နေကြာဧက ၅၆၉၀ စုစုပေါင်း ၉၁၆၀၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် မင်းလမ်းကုလားကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဖြူး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလမ်းကုလားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မင်းလမ်းကုလားကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရေသန့်စင်စက်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြူးမြို့နယ် မင်းလမ်းကုလားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အရှည် ၄၂၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ဂါလန် ၂၀၀ ထွက်ရှိသော ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဖြူးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် သြဂုတ် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၆၅ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၃ အိမ်မှ လူ ၄၁၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**



➤စာမျက်နှာ ၂၄ မှအဆက်

(၇)

နေမင်းကြီးသည် တစ်နေ့တာ တာဝန်ကို ထမ်းဆောင်ပြီးပြီမို့ အနောက်ဘက်သို့ဝင်ကာ အနားယူလျက်ရှိ၏။ မိုးချုပ်သည်နှင့် ပုရစ်သံ၊ ဖားသံများ ဆူညံနေတော့၏။ လယ်ကွင်းပြင်ထဲတွင် မီးရောင်တဝင်းဝင်းနှင့် ဖားရိုက်ထွက်သောလူများ ပြည့်လျက်ရှိ၏။ ဘုရားပွဲတော်အလား မီးရောင်များမှာ ဘယ်နေရာကြည့်ကြည့် ရှိနေ၏။ ကိုသောင်းတင်သည်လည်း ဖားရိုက်ရန် ထွက်လာတော့၏။ ဖားရိုက်ထွက်လာသည်မှာ ညသန်းခေါင်ကျော်ထိ ဖြစ်လာသည်။ ကိုသောင်းတင်၏ ပလိုင်းထဲတွင် ဖားများ အတော်အသင့်ရရှိနေပြီဖြစ်သည်။ သို့သော် ကိုသောင်းတင် ဖားကို သဲသဲမဲမဲ ဆက်ရိုက်နေ၏။ ဖားတချို့ဆို တစ်ကောင်နှင့်တစ်ကောင် ထပ်လျက်တွေ့ရ၏။ ဖားရိုက်ရင်း မြွေအန္တရာယ်ကိုလည်း ရှောင်ရသေး၏။ မြွေများသည် တစ်နွေလုံး တွင်းထဲတွင် ပူလောင်မှုကိုခံပြီး မိုးရွာမှ ညဘက်တွင် အစာရှာထွက်၏။ မိတ်လိုက်၏။ လယ်၏ကန်သင်းဘေးတွင် ကပ်၍နေတတ်၏။ ဖားအကြောင်း၊ မြွေအကြောင်းကို နားကျနေသော ကိုသောင်းတင်အဖို့ ရှောင်နိုင်တိမ်းနိုင်၏။

"ကိုသောင်းတင် မပြန်သေးဘူးလားဗျ"

"ခဏ ရှာအုံးမယ်ဗျာ"

ရွာထဲက ဖားရိုက်ဖော် အသိတစ်ယောက် ကိုသောင်းတင်ကို နှုတ်ဆက်ခြင်းဖြစ်၏။ ညဥ့်နက်လာလေလေ ကွင်းထဲ၌ မီးရောင်များ ကျဲလာ၏။ တချို့ဆို ဖားအလုံအလောက်ရပြီဖြစ်သောကြောင့် ပြန်ကြ၏။ ကိုသောင်းတင်၏ မျက်လုံးထဲ ဝင်းခနဲမြင်လိုက်၏။ မီးရောင်နှင့် ဖားမျက်လုံးနှင့်ဆုံလိုက်လျှင် ဖားမျက်လုံးမှအရောင်ပြန်တောက်လာခြင်းဖြစ်၏။ ကန်သင်း၏ဘေးတွင် ဖားနှစ်ကောင်ပူးနေမှန်း ကိုသောင်းတင် ချက်ချင်းသိ၏။ ဖားအနားကို ဖြည်းညင်းစွာ ချဥ်းကပ်လာ၏။ ဖားကိုရိုက်မည်အလုပ် ကန်သင်းဘေးမှ အကောင် တစ်ကောင် ကိုသောင်းတင်၏ ခြေသလုံးကို ကိုက်လိုက်လေသည်။

"အမယ်လေး သွားပြီ"ဟု ကိုသောင်းတင် နောက်ဆုံးသိလိုက်သည်။ ထို့နောက် မျက်စိများပြာပြီး ခေါင်းထဲမူးဝေလာ၏။ လောကကြီးနှင့်လည်း အဆက်အသွယ်ပြတ်သွားလေ၏။ ပတ်ဝန်းကျင်မှ ဖားအော်သံများ၊ ပုရစ်အော်သံများကို ကိုသောင်းတင် မကြားရတော့ပေ။

# စုပေါင်းစွမ်းအား

\- တစ်ယောက်တစ်လက်
လျှောက်လျက်ကွဲ့ အတူတူ၊
မင်းသူငါ လက်ချင်းတွဲ
မခွဲအယူ၊
တိုင်းပြည်ရဲ့ မျက်နှာမူ
ဖေးကူတဲ့ မြတ်စိတ်ထား၊
ယှဉ်တွဲညီ တိုးအလုပ်နဲ့
ကြိုးကုတ်စို့လား။

\- မေတ္တာနှလုံး
ကျင့်သုံးလို့ ရစ်ပတ်နှောင်၊
မင်းသူငါ ဘေးမခ
အေးမြမှုဆောင်၊
ကွဲရဲ့လို့ မလှောင်ပြောင်
အဆောင်ယောင် ဂုဏ်မဝင့်၊
သူအပေါ် မကောက်ကျစ်ဖို့
ချစ်စိတ်ကိုမြှင့်။

\- မငြီးအပြုံးနဲ့
စည်းလုံးမှု တိုးလျက်ပါ၊
အဖျက်ရန် မှန်သမျှ
တိုက်ထုတ်ကြကာ၊
တိုင်းပြည်ရဲ့မျက်နှာ
အစဉ်သာ လှစေသား၊
ကိန်းမှန်အစဉ်
ငြိမ်းချမ်းရှင် အတူပြုပြောင်းစို့
စုပေါင်းစွမ်းအား။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# ရေနံချောင်းမြို့နယ် စခန်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စခန်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉၅၈၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စခန်းကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂၃ ဦးကို ငွေကျပ် ၅၁၀၇၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၇၉၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၄၅၀၀၀၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၁၀၀၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၈၄ ဦးကို ငွေကျပ် ၅၉၅၈၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

# ကျန်းမာသောအိုမင်းခြင်း

**ပေါက်ပေါက်**

လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျားမ မရွေး၊ သက်ရှိလူသားအားလုံးသည် "ဇရာ" တည်းဟူသော အိုမင်းခြင်းဆီသို့ နာရီမိနစ်စက္ကန့် မလပ် တရွေ့ရွေ့လှမ်းနေကြသည်မှာ လောကဓမ္မတာ ဖြစ်သည်။ အဆိုပါ အိုမင်းခြင်းဖြစ်စဉ်နှင့်အတူ သက်ကြီးရွယ်အိုများ၏ ဇီဝအခြေအနေကို အပြုသဘောဆောင်သောရှုထောင့်များဖြင့် သတိပြုမိကြစေရန်၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အသိပညာများ ပိုမိုတိုးပွားလာကြစေရန် စသည်တို့အတွက် ရည်ရွယ်၍ နိုင်ငံတကာကျန်းမာရေး သုတေသီများက နှစ်စဉ် စက်တင်ဘာလကို Healthy Aging Month September အဖြစ် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကတည်းက သတ်မှတ်လာခဲ့သည်။

အသက်ကြီးရင့်လာသည်နှင့်အမျှ လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတို့အပြင် အစားအသောက်နှင့် လူမှုရေးလိုအပ်ချက်များသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲလာကြသည်။ ထိုအချိန်တွင် ကျန်းမာသောကိုယ်ခန္ဓာ၊ ကျန်းမာသောစိတ်တို့ဖြင့် အသက်ကြီးရင့်လာခြင်းကို "ကျန်းမာသောအိုမင်းခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

**အထီးကျန်ရောဂါ**

ပင်စင်(အငြိမ်းစား) ယူပြီးနောက်ပိုင်း မိတ်ဆွေသူငယ်ချင်းများနှင့် နေ့တိုင်းနီးပါးတွေ့ဆုံဖြစ်သော အသက် ၆၀ ကျော် အရွယ်များသည် လအနည်းငယ်ကြာမှ သူငယ်ချင်းတစ်ဦး သို့မဟုတ် နှစ်ဦးနှင့် တွေ့ဆုံလေ့ရှိသူများထက် မှတ်ဉာဏ်ဆုံးရှုံးနိုင်ခြေ ၁၂ ရာခိုင်နှုန်းပိုနည်းကြောင်း သုတေသီများကဆိုထားသည်။ National Institute On Agins အဖွဲ့က လူမှုရေးအရအထီးကျန်ခြင်းနှင့် တစ်ကိုယ်တည်းနေထိုင်ခြင်းကြောင့် သွေးတိုး၊ နှလုံး၊ အဝလွန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ဉာဏ်ရည်လျော့ကျခြင်း၊ ဦးနှောက်ဇရာကြိုရောဂါ၊ သူငယ်ပြန်ရောဂါ၊ ခြေတုန်လက်တုန်ရောဂါနှင့် အခြားသော ကျန်းမာရေးပြဿနာများကြုံတွေ့ခြင်းတို့ကို ဖြစ်နိုင်ခြေမြင့်မားကြောင်း လေ့လာတွေ့ရှိခဲ့သည်။

လူမှုရေးအရအထီးကျန်ခြင်းသည် စိတ်နှင့်ကိုယ်ကျန်းမာရေးအတွက် ပြင်းထန်သောအန္တရာယ်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် အွန်လိုင်းမီဒီယာများ ခေတ်စားလာသဖြင့် မိသားစုများ၏ ဘဝနေထိုင်မှုပုံစံ လျင်မြန်စွာပြောင်းလဲလာခြင်းကြောင့် တစ်အိမ်တည်းအတူနေ သက်ကြီးရွယ်အိုများအတွက် လူမှုရေးနယ်ပယ်အတွင်း အထီးကျန်သည့် ဒုက္ခများပိုမိုများပြားလာသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသက်ကို အကြောင်းပြုပြီး ခွဲခြားဆက်ဆံခြင်းမျိုး မပြုလုပ်သင့်ပေ။ အထီးကျန်ခြင်းနှင့် သီးခြားနေထိုင်ရခြင်းသည် သက်ကြီးရွယ်အိုများတွင် သိသာထင်ရှားသည့် ကျန်းမာရေးထိခိုက်မည့် အန္တရာယ်ကို ဖြစ်ပေါ်ခံစားရစေနိုင်သည်။

**စိတ်ဖိစီးမှုကြောင့် လူ့ကိုယ်ခန္ဓာစနစ် ပိုမိုအိုမင်းလာစေနိုင်**

လူတို့သည် မိသားစုအတွင်း၌ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ၊ လူ့အဖွဲ့အစည်းအတွင်း၌ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် စိတ်ထွက်ပေါက်မရှိတော့ဘဲ ပိတ်ဆို့ခြင်းခံရသည့်အဆင့်မှ စိတ်ဖိစီးမှုဝေဒနာခံစားရသောအဆင့်ထိ ပြောင်းလဲလာတတ်သည်။ အသက်ငယ်ရွယ်စဉ်က မည်သူမဆို ကိုယ်ရောစိတ်ပါ ရွှင်လန်းတက်ကြွနေကြသည်မှာ သစ်လွင်သော ကိုယ်ခံအားစနစ်ကြောင့်ဖြစ်သည်။ ထိုစနစ်ကြောင့် လူငယ်လူရွယ်အများစုမှာ အကြမ်းပတမ်းခံနိုင်ပြီး အဖျားအနာ၊ ရောဂါဘယကင်းလေ့ရှိကြသည်။ အသက်ကြီးရင့်လာသောအခါတွင်မူ ကိုယ်ခံအားစနစ် အိုမင်းရာမှ စွမ်းဆောင်ရည် တဖြည်းဖြည်းကျဆင်းလာပါသည်။ ထိုမှတစ်ဆင့် လူငယ်ဘဝနှင့် ပြောင်းပြန် အချိုးကျစွာ ပြောင်းလဲလာပြီး လူကြီးအများစုအနေဖြင့် ရောဂါဘယစွဲကပ်ခြင်းကို မလွန်ဆန်နိုင်တော့ဘဲ အားလျော့ကြရပါတော့သည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသီများသည် စိတ်ဖိစီးမှုက လူ့ခန္ဓာကိုယ်အပေါ် အကျိုးသက်ရောက်ပုံအကြောင်း မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။ ထိုကဲ့သို့ လေ့လာရာမှ စိတ်ဖိစီးမှုကြောင့် လူ့ကိုယ်ခံအားစနစ်ကို ပိုမိုအင်အားနည်းကာ ပို၍လည်း အိုမင်းလာစေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

**ကောင်းမွန်သော ဘဝနေထိုင်မှုပုံစံ**

အချို၊ အငန်လျှော့စားခြင်း၊ သောက်ရေအေးအစား လက်ဖက်ခြောက်ရေနွေးကို ပိုသောက်ခြင်း၊ ဆီကြော်များနှင့် ဟင်းအဆီအနှစ် လျှော့စား၍ ရေလုံပြုတ်စားသုံးခြင်း၊ ထိုက်ကျိကစားခြင်း သို့မဟုတ် ယောဂ (Yoga) ကျင့်ခြင်း သို့မဟုတ် တရားရှုမှတ်ခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း၊ ပေါ့ပေါ့ပါးပါးကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ နံနက်ပိုင်းနေပူဆာလှုံခြင်း၊ မြေကြီးဓာတ်ယူခြင်း၊ သွေးတိုး၊ ဆီးချို၊ လေငန်းစသည့် မကူးစက်တတ်သော ရောဂါများမဖြစ်အောင် ဆင်ခြင်ကာကွယ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ ကွမ်း၊ အရက်ရှောင်ခြင်း၊ ပြုံးပျော်ရယ်မောခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် နွေးထွေးသောဆက်ဆံရေးရှိခြင်း၊ လက်ကိုင်ဖုန်းနှင့် ဝေးဝေးနေခြင်း၊ တစ်ဆင့်ခံစီးကရက်ငွေ့ မရှူရှိုက်မိအောင်နေထိုင်ခြင်း၊ သန့်ရှင်းသောလေကိုရှူရှိုက်ခြင်း၊ အုန်းဆီစစ်စစ်ကိုဦးရေပြားအနှံ့လိမ်းခြင်းစသည့် ပြုမူနေထိုင်မှုများက သက်ကြီးရွယ်အိုများအတွက် အထိုက်အလျောက် လူ့ဘဝသက်တမ်းကို ဆန့်ထားနိုင်ပါသည်။



**အာဟာရပြည့်ဝစွာ စားသောက်နည်း**

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အစားအသောက်လည်း ယခင်ကဲ့သို့ သိပ်မစားနိုင်တော့ပေ။ ထို့ကြောင့် ပါးစပ်ထဲသို့ ဝင်သွားသမျှ အစားအစာတစ်ခုချင်းစီသည် အာဟာရပြည့်ဝရန် အရေးကြီးသည်။ နည်းနည်းချင်းစီ မကြာခဏ စားပေးပါ။ ကွေကာအုတ်၊ နို့ဆန်ပြုတ်၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တို့ကို အဓိကထားစားသုံးပါ။ နံနက်ခင်း ပုံမှန်သောက်နေကျ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်နေရာတွင် နို့တစ်တစ်ခွက်ဖြင့် အစားထိုးပါ။ အသားဓာတ်ပြည့်ဝအောင်စားပါ။ ကယ်လ်စီယမ် မချို့တဲ့အောင်ဂရုစိုက်ပါ။ ဗီတာမင်ဘီ-၁၂ ဖြည့်စွက်သောက်သုံးပါ။ ဗီတာမင်ဒီပြည့်ဝသော အစားအစာများစားပါ (ဥပမာ-အဆီများသောငါး၊ ဖြည့်စွက်စာဆေးဝါး၊ နေပူဆာလှုံခြင်း)။ သံဓာတ်ကြွယ်ဝသော အစားအစာများစားပါ (ဥပမာ-အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ အနီရောင်အသားများ)။ အချို အငန် လျှော့စားပါ။ ညအိပ်ရာဝင်ခါနီး ဗိုက်ဆာပါက နို့တစ်ခွက်သောက်ပါ။ အချိုရည်ပါဝင်မှု မြင့်မားသော အစားအစာများ (ဥပမာ-ဖျော်ရည်၊ ရေခဲမုန့်၊ ကိတ်မုန့်) တို့ကိုရှောင်ပါ။ တာရှည်ခံအောင် ပြုလုပ်ထားသောအစားအစာများ၊ အသင့်စားအစားအသောက်များနှင့် ဆီကြော်အစားအစာတို့ကို တတ်နိုင်သလောက်ရှောင်ပါ။ အစာစားချင်စိတ်နည်းပါးနေချိန်တွင် တစ်ယောက်တည်းမစားဘဲ မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းနှင့်ဖြစ်စေ အတူတကွစားသုံးပါ။

**ရောအိုများအတွက် ဓာတ်စာ**

အနီရောင်ပန်းသီးကို အခွံပါစားပေးပါ။ ဆီးသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ မုန်ညင်းစိမ်း၊ မုန်လာရွက်၊ ကညွတ်၊ ပန်းဂေါ်ဖီစိမ်း၊ ပဲတောင့်ရှည်၊ ဗိုလ်စားပဲသီး၊ ရုံးပတီသီး၊ နေကြာစေ့၊ မြေထောက်ပဲ၊ ဝုန်လျှော်စေ့၊ ဇာဒ်စေ့၊ ပန်းဂေါ်ဖီအဖြူ၊ ပြောင်းဖူး၊ မုန်လာဥနီ၊ တရုတ်နံနံ၊ Beetroot ခေါ် သကြားမုန်လာ ခေါ် သွေးနီရောင် အရည်ရွှမ်းသောမုန်လာဥနီ အဝိုင်း၊ ပဲနီလေး၊ ပဲပင်ပေါက်၊ ပင်စိမ်းရွက်၊ ကိုက်လန်၊ ဆလတ်ရွက်၊ ကြက်သွန်မြိတ်၊ ဂေါ်ဖီထုပ်၊ သခွားသီး၊ ငရုတ်သီးမှုန့်၊ မှို၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတို့၏ အနှစ်များ၊ တရုတ်ဆီးသီးခြောက်၊ အနက်ရောင်ချောကလက်၊ ပင်လယ်ငါးအမျိုးမျိုး၊ ငါးကြီးဆီ၊ နွားနို့၊ ဒိန်ခဲစသည်တို့က ဇရာအိုများအတွက် အကောင်းမွန်ဆုံးအစားအစာများဖြစ်ကြသည်။

**ရောအိုများအတွက် အင်တီအောက်ဆီးဒင့်**

လူ၏သွေးတွင်း၌ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပမာဏ တိုးမြင့်လာလျှင် ကိုယ်ခန္ဓာကတုံ့ပြန်နိုင်သော အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ မေဘေးဒေါင်းဦးဆောင်သော သုတေသီတစ်စုက အထူးပြုလေ့လာခဲ့ကြသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ခေါ် အင်တီအောက်ဆီးဒင့် ပမာဏတိုးမြင့်လာလျှင် လူကြီးများစိတ်ရှုးသွပ်မှုခံစားရနိုင်ခြေ လျော့နည်းမည်ဖြစ်ကြောင်း ပညာရှင်များက တွေ့ရှိထားသည်။ လူတို့သည် အသက် ၅၀ နှင့် ၆၀ ကျော်လာလျှင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ရှုးသွပ်ဝေဒနာကို ခံစားရလေ့ရှိကြောင်း၊ ထိုအခါ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက လူကြီးများခံစားရလေ့ရှိသော ထိုစိတ်ရှုးသွပ်မှုဝေဒနာကို အထိုက်အလျောက် လျှော့ချပေးနိုင်ကြောင်း၊ မိမိတို့သည် အသက် ၄၅ နှစ်အထက် လူကြီးစုစုပေါင်း ၇၀၀၀ ကျော်တို့ကို ၁၅ နှစ်ကျော်မျှ စောင့်ကြည့်လေ့လာပြီးနောက် ဓာတ်တိုးဆန့်ကျင်ပစ္စည်း၏ အစွမ်းအာနိသင်ကို ဖော်ထုတ်သိရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းသုတေသီများကဆိုသည်။ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပမာဏတိုးမြင့်လာစေရန် အရွက်ဖားဖားအစိမ်းရောင်ဟင်းရွက်များဖြစ်ကြသည့် ကိုက်လန်၊ ဆလတ်၊ မုန်ညင်း၊ ဟင်းနုနယ်တို့ကိုသာမက ပန်းမုန်လာစိမ်း၊ ပဲမျိုးစုံ၊ လိမ္မော်သီး၊ သရက်သီး၊ သဘော်သီး၊ သစ်တော်သီး စသောဓာတ်စာအမျိုးမျိုးတို့ကို စားသုံးပေးရပါမည်။

**အသက်ကြီးပိုင်းဗီတာမင်ဒီဓာတ်ချို့တဲ့လျှင် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာ ခံစားရနိုင်**

လူတို့၏ ကိုယ်ခန္ဓာအတွက် လိုအပ်သောဗီတာမင်အမျိုးမျိုးရှိသည့်အနက် အရိုးများ ကြံ့ခိုင်သန်မာစေရန် ကယ်လ်စီယမ်နှင့် အတူတွဲလျက် ဗီတာမင်ဒီကိုပါ ဖြည့်တင်းပေးရပါမည်။ သွေးတွင်းကယ်လ်စီယမ်ပမာဏကို၎င်းဗီတာမင်ဒီဓာတ်က အဓိကထိန်းညှိပေးသဖြင့် အရိုးစနစ်တစ်ခုလုံးအတွက် မရှိမဖြစ်အာဟာရဖြစ်ကြောင်း ဆေးပညာရှင်များက ယူဆထားကြသည်။ အသက် ၆၀ ကျော်အရွယ် အမျိုးသား၊ အမျိုးသမီးများသည် ဦးနှောက်တွင်းသွေးဖြတ်သန်းစီးဆင်းမှု အနှေးအမြန် မမှန်မကန်ဖြစ်လာရာမှ မှတ်ဉာဏ်စနစ်ထိခိုက်လာကာ နောက်ပိုင်းတွင် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာကို ခံစားရလေ့ရှိသည်။ အဆိုပါ မှတ်ဉာဏ်ချို့ယွင်းမှုနှင့် ဗီတာမင်ဒီ ဆက်နွှယ်နေကြောင်း သိရသဖြင့် ၎င်းတို့အကြား ဆက်နွှယ်ပတ်သက်နေပုံအကြောင်းကို ဩစတြေးလျတောင်ပိုင်းတက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များက မကြာသေးမီကသုတေသနပြုခဲ့ကြသည်။ အသက် ၆၀ ကျော်သူ ၂၉၅၁၄ ဦးတို့၏ ဗီတာမင်ဒီအာဟာရပြည့်ဝမှုအခြေအနေနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ပြဿနာအကြား ဆက်နွှယ်နေပုံကို ထိုသို့သုတေသနပြုရာမှ အသက်ကြီးသူများ ဗီတာမင်ဒီချို့တဲ့လျှင် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာ မလွဲမသွေခံစားရမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။

**အသက် ၆၅ နှစ်ကျော်များအတွက် ကျန်းမာရေးပိုမိုကောင်းမွန်စေမည့် နည်းလမ်းသစ်**

လူတို့၏ ကျန်းမာရေးအခြေအနေသည် အသက်အရွယ်ပေါ်မူတည်၍ ယေဘုယျအားဖြင့် ပြောင်းလဲသွားသောသဘောရှိပါသည်။ ငယ်စဉ်ကာလတွင် လူတို့၏ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ကျန်းမာဖျတ်လတ်နေကြပြီး သွက်လက်လှုပ်ရှားမှုက အနာရောဂါကင်းအောင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုပေးသည်။ လူလတ်ပိုင်းအရွယ်ကျော်လွန်ပြီး အသက်အရွယ်ရလာလျှင်မူ လူငယ်ဘဝသွက်လက်လှုပ်ရှားမှုများ တဖြည်းဖြည်းနှေးကွေးကာ ကျန်းမာရေးချူချာရာမှ ကူးစက်ရောဂါများလည်း စွဲကပ်လာတတ်ကြသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ကုစားနိုင်သောနည်းလမ်းဖော်ထုတ်နိုင်ရန် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်များသုတေသနပြုလေ့လာခဲ့ရာ မကြာသေးမီက လူကြီးများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေမည့် နည်းလမ်းသစ်ရှာဖွေတွေ့ရှိပြီဟု သုတေသနရလဒ်စာတမ်း၌ ဖော်ပြထားသည်။ အထူးသဖြင့် အသက် ၆၅ နှစ်ကျော် လူကြီးများ၏ အကျပိုင်းကျန်းမာရေးအခြေအနေကို ကောင်းမွန်လာစေရန်အတွက် မိမိတို့တွေ့ရှိခဲ့သည့် နည်းလမ်းသစ်မှာ ကိုယ်ခန္ဓာအတွင်းရှိ အင်အားနည်းလာသောတီဆဲလ်များကို ပြုပြင်ရန်ပင်ဖြစ်ကြောင်း ဦးဆောင်သုတေသီအာရုံကြောဗေဒပညာရှင် မိုက်ကယ်လ်ဒမက်ထရီးယပ်စ်က ရှင်းပြထားသည်။

အချုပ်အားဖြင့်ဆိုသော် အသက်အရွယ်ရလာသည်နှင့်အမျှ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟန်ချက်ညီနေမှသာ အိုမင်းခြင်းကို ကျန်းမာစွာဖြတ်သန်းနိုင်မည်ဖြစ်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် ဘဝသက်တမ်းစေ့ နေနိုင်ကြပါစေကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၄၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၄၈၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲမျိုးစုံ ၃၄၈၃ ဧက စိုက်ဖို့လျာထားတာပါ။ အခု လက်ရှိ ၃၆၄၃ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ လျာထားဧကထက် တိုးစိုက်နိုင်ပါတယ်။ ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၂၂၂ ဧက၊ ပဲပုပ် ၂၃ ဧက၊ ပဲယဉ်း ၃၀၁ ဧက၊ ပဲစင်းငုံ ၁၀၉၇ ဧက စုစုပေါင်း ၃၆၄၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်း ၂၀၅၃ ဧက၊ ပဲပုပ် ၄၅ ဧက၊ ပဲစင်းငုံ ၁၀၅၆ ဧက၊ ပဲယဉ်း ၃၁၉ ဧက၊ ပဲကြီး ၁၀ ဧက စုစုပေါင်း ၃၄၈၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် တောဘို့ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းဘူး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောဘို့ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ တောဘို့ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော တော်ဝင်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးဆောင်ရွက်သွားရန် မှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောဘို့ကုန်းကျေးရွာ၌ အရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၂၂၀ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်က စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ခင်မာ**

# သီလစောင့်ခြင်း တော်သလင်း

စိန်ဧမ္မလှိုင်(ဟိုပုံးမြေ)

တော်သလင်းလသည် ဆယ့်နှစ်ရာသီ၏ ဆဋ္ဌမမြောက်လဖြစ်ပြီး ရက်စုံသောလ၊ ရက်ပေါင်း ၃၀ ရှိသောလတစ်လဖြစ်သည်။ ရာသီရုပ်မှာ လေ့စီး သတို့သမီးရုပ်ဖြစ်ပြီး ယခုနှစ် တော်သလင်းလ၏ ရက်ရာဇာများမှာ ကြာသပတေးနှင့် စနေနေ့တို့ ဖြစ်ကြကာ ပြဿဒါးမှာ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့ ဖြစ်ကြသည်။ “တော်ကျွတ်မုန်းရွေ့” ဆိုသည့်စကားအရ နဂါးဦးခေါင်းသည် အရှေ့အရပ်သို့လှည့်၏။ တော်သလင်းဆိုသည့် စကား၏အဓိပ္ပာယ်ကို လေ့လာကြည့်ရာတွင် “တော်” ဆိုသည်မှာ မြင့်မြတ်ခြင်းကို ခေါ်ဆိုသည်။ “သလင်း”ဆိုသည်မှာ “သာလင်း”မှ ဆင်းသက်လာပြီး သာယာထွန်းလင်းခြင်းကို ဆိုလိုခြင်းဖြစ်၏။ ထို့ကြောင့် တော်သလင်းလကို သာယာသည့် လဟုမှတ်ယူနိုင်သည်။ သစ်ဖောင်ဝါးဖောင်များကို မျှောသည့်ကာလဖြစ်သဖြင့် “သစ်ဆင်းလ”ဟုလည်း ခေါ်ဆိုကြသည်။ တော်သလင်းမှာ ရာသီအားဖြင့် ကန်ရာသီဖြစ်ပြီး “ကန်”ဆိုသည်မှာ ကညာကို ဆိုလိုခြင်းဖြစ်ကာ “နှစ်သက်ခြင်း” ဟူသော အဓိပ္ပာယ်ကိုဆောင်၏။ နှစ်သက်ခြင်းကို ပါဠိသဒ္ဒါ၌ “တောသ” ဟုခေါ်ဆို၏။ တောသမှ “တော်သလင်း” သို့ ပြောင်းလဲလာခြင်းဖြစ်သည်ဟု လေ့သင်းအတွင်းဝန်က ဆိုခဲ့သည်။

ဗုဒ္ဓဘာသာအနေဖြင့် တော်သလင်းလတွင် “ဂရုဓမ္မအခါတော်နေ့” ဟုခေါ်ဆိုသော နေ့တစ်နေ့ ရှိပေသည်။ ၎င်းနေ့ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ရှေးအခါက ကုရုတိုင်း “ကုရုပဏ္ဍုဂိုရ်မြို့” နှင့် ကာလိင်္ဂတိုင်း “ဒန္တပူရ”မြို့ဟူ၍ မြို့နှစ်မြို့ ပေါ်ထွန်းခဲ့သည်။ ကုရုပဏ္ဍုဂိုရ်မြို့တွင် မြတ်စွာဘုရားအလောင်းတော် ကုရုရာဇာဘုရင် စိုးစံလျက်ရှိရာ မိုးလေဝသမှန်၍ သာယာဝပြော၏။ ဒန္တပူရမြို့၌ ကာလိင်္ဂမင်းအုပ်ချုပ်ရာ မိုးခေါင်ရေရှားပြီး ငတ်မွတ်ခေါင်းပါးကာ လူအချို့ သေဆုံးလျက်ရှိ၏။ ထိုအခါ မြို့သူမြို့သားတို့မှာ အော်ဟစ်၍ ဘုရင့်နန်းတော်သို့ လာရောက်ကြ၏။ ရှင်ဘုရင်သည် မည်သို့ပြုလုပ်ရမည်ကို မှူးကြီးမတ်ရာတို့နှင့်တိုင်ပင်ရာ “မင်းကြီး ကိုယ်တိုင်အဓိဋ္ဌာန်ပြု၍ ကောင်းမှုဒါနပြုပါ”ဟု အကြံပေးလိုက်ရာ မဏ္ဍပ်ဆောက်လုပ်ပြီး အလှူဒါနပြု၏။ သို့သော် မိုးမှာရွာသွန်းခြင်းမရှိပေ။ ထို့နောက် မှူးမတ်တို့၏ ထပ်မံလျှောက်တင်ချက်အရ ခုနစ်ရက်တိုင်တိုင် ဥပုသ်သီလစောင့်ထိန်းသော်လည်း မိုးကား ရွာသွန်းခြင်းမရှိပြန်ပေ။ တစ်ဖန် မှူးကြီးမတ်ရာတို့က “အရှင်မင်းကြီး၊ တင့်တယ်သောဖဲမွေ့ရာတွင် မအိပ်ဘဲ မြက်ခင်းပြင်တွင် ခုနစ်ရက် အဓိဋ္ဌာန်ပြု၍ အိပ်ပါ” ဟုဆိုပြန်၏။ မင်းကြီးသည် မြက်ခင်းပြင်တွင် အိပ်သော်လည်း မိုးကားမရွာချေ။ ထို့ကြောင့် မှူးမတ်များကိုထပ်မံ၍ အကြံဉာဏ်တောင်းပြန်သည်။ မှူးမတ်တို့က “ကုရုတိုင်း၊ ကုရုပဏ္ဍုပြည့်ရှင်သည် မြို့၏အရပ်လေးမျက်နှာ၊ မြို့အလယ်နှင့် နန်းတော်တံခါးဝတို့တွင် မဏ္ဍပ်ကြီး ခြောက်ခုပြုလုပ်၍ တစ်နေ့လျှင် တစ်သိန်းကျဖြင့် ၁၅ ရက်တိုင်တိုင် အလှူပြု၏။ ထိုအချိန်တွင် အဉ္စနဝဏ္ဏဆင်ဖြူတော် ရောက်ရှိလာခဲ့ရာ ၎င်းဆင်ဖြူတော်အစွမ်းကြောင့် မိုးလေဝသမှန်ကန်ပြီး တိုင်းပြည်သာယာဝပြောခြင်းဖြစ်ပေသည်။ ထိုဆင်ဖြူတော်ကို အလှူခံမှဖြစ်မည်”ဟု လျှောက်ထားကြသည်။ ကာလိင်္ဂမင်းက ဆင်ဖြူတော်ကို အလှူခံလေရာ ကုရုပဏ္ဍုဘုရင်သည် ရွှေကရားဖြင့် ရေစက်ချကာ လှူဒါန်းလိုက်သည်။ ဒန္တပူရမြို့သို့ ဆင်ဖြူတော် ရောက်ရှိသော်လည်း မိုးမရွာသဖြင့် ကုရုပဏ္ဍုဂိုရ်မြို့သူ၊ မြို့သားတို့မှာ မည်သို့နေထိုင်ပြုမူသည်ကို စုံစမ်းစေ၏။

ဒန္တပူရမြို့တွင် ဘုရင်၊ မိဖုရား၊ ဝန်မင်း၊ မှူးမတ်၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ သူဆင်းရဲ၊ ဆင်ထိန်း၊ မြင်းထိန်းနှင့် ပြည့်တန်ဆာမ စသည့်လူတန်းစား အမျိုးမျိုးတို့သည် တစ်ဦးချင်းစီ၌ တစ်ပါးပါးသော သီလကို စောင့်ထိန်းကြကြောင်း သိရှိလိုက်ရသည်။ ကုရုရာဇာဘုရင်သည် အားလုံးသောသူတို့စောင့်ထိန်းသော သီလတို့ကိုခြုံငုံ၍ ရွှေပေလွှာထက်တွင် ရေးသားပေးလိုက်၏။ ၎င်းသီလတို့မှာ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏သားမယားကို ကာမဂုဏ်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အရက်သေစာ၊ မူးယစ်စေတတ်သည့်အရာများကို သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ထိုအချက်များမှာ “ဂရုဓမ္မသီလများ” ဖြစ်ကြရာ သူတော်ကောင်းတို့ စောင့်ထိန်းသော အကျင့်ဟုခေါ်ဆို၏။ ကုရုတိုင်းတွင် ကျင့်သုံးခဲ့ခြင်းကြောင့် “ကုရုဓမ္မသီလ”ဟုလည်း ခေါ်ဆိုကြောင်း လေ့လာသိရှိရသည်။ ဒန္တပူရပြည့်ရှင်နှင့် ပြည်သူပြည်သားတို့မှာ ဂရုဓမ္မသီလကို စောင့်ထိန်းကြရာ မိုးလေဝသမှန်ပြီး တိုင်းပြည်သာယာဝပြောကာ ကပ်ဘေးမှ လွတ်ကင်းကြကုန်၏။ တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တက ငါးပါးသီလပျက်စီးခြင်း၏ အပြစ်များကို “စည်းစိမ် ပျက်လျဉ်း၊ သတင်းဆိုးနံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါ တွေဝေ၊ သေသော်ငရဲလား ပြစ်ငါးပါး၊ မှတ်သားဒုသီလ”ဟုရေးသားခဲ့ရာ ငါးပါးသီလပျက်စီးပါက စည်းစိမ်ပျက်စီးခြင်း၊ မကောင်းသတင်းထွက်ခြင်း၊ လူပရိသတ်ကိုကြောက်ခြင်း၊ တွေဝေကာသေဆုံးရခြင်းနှင့် ငရဲဘုံသို့ရောက်ရှိခြင်းတို့ ခံစားရပေမည်။ ထို့နောက် သီလစောင့်ထိန်းပါက ရရှိနိုင်မည့်အကျိုးတရားများနှင့်ပတ်သက်၍ “စည်းစိမ် ရလျဉ်း၊ သတင်းကောင်းနံ့၊ မရွံ့ပရိသာ၊ သေသော် နတ်ရွာလား၊ ကျိုးငါးပါး၊ မှတ်သားသီလဝန္တ”ဟု ရေးသားခဲ့ရာသီလပျက်ခြင်း၏ ဆန့်ကျင်ဘက်အကျိုးများကို ရရှိပေမည်။

❖ ကုရုရာဇာဘုရင်သည် အားလုံးသောသူတို့ စောင့်ထိန်းသော သီလတို့ကိုခြုံငုံ၍ ရွှေပေလွှာထက်တွင် ရေးသားပေးလိုက်၏။ ၎င်းသီလတို့မှာ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏သားမယားကို ကာမဂုဏ်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန် လိမ်ညာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အရက်သေစာ၊ မူးယစ်စေတတ်သည့်အရာများကို သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ထိုအချက်များမှာ “ဂရုဓမ္မသီလများ” ဖြစ်ကြရာ သူတော်ကောင်းတို့စောင့်ထိန်းသော အကျင့်ဟုခေါ်ဆို၏။ ❖

ထို့ပြင် တော်သလင်းလတွင် တစ်မူထူးခြားလှသော ရေထဲကိုခုန်ချသည့် ပျော်ပွဲရွှင်ပွဲတစ်ခုရှိခဲ့ဖူးသည်။ အကြောင်းအရာမှာ ရှေးအခါက လယ်သမားတို့သည် တော်သလင်းလသို့ ရောက်ရှိလေတိုင်း ရေကန်နှင့် မြစ်ကမ်းစပ်တို့တွင် လေးတိုင်စင်များ ဆောက်လုပ်ကြသည်။ စင်အမြင့်မှာ တစ်ဆယ့်နှစ်တောင်မှ တစ်ဆယ့်ငါးတောင်ထိမြင့်ပြီး ဖျင်နီစကို အုပ်မိုးထား၏။ ရေ၏ကြမ်းပြင်တွင် ပိုက်ကွန်ခံထားကာ စင်ပေါ်တွင် ကခုန်မြူးထူးသီချင်းဆိုကြသည်။ ခုန်ချမည့်သူက စင်ပေါ်သို့တက်လိုက်သည့်အခါ အနားတွင်ရှိသော ဆိုင်းဝိုင်းက ဗိန်းဗောင်းသံကို တီးလိုက်သည်။ ထို့နောက် ထိုသူမှာ ရေထဲကို ခုန်ဆင်းပါတော့သည်။ “ခုန်ချသူမှာ မှောက်လျက်ကျလျှင် မိုးကောင်းမည်၊ ပက်လက်ကျလျှင် မိုးခေါင်မည်”ဟု နိမိတ်ဖတ်ကြသည်။ ကောက်စိုက်ချိန်ပြီးဆုံးသည့်အတွက် ပျော်ရွှင်မှုတစ်ရပ်ကို လုပ်ဆောင်ခြင်းမျိုးလည်းဖြစ်နိုင်ပေသည်။

တော်သလင်းလသည် မြန်မာ့ဓလေ့ရာသီပွဲတော် အစဉ်အလာအရ လှေပြိုင်ပွဲများ ကျင်းပသည့်လဖြစ်သည်။ “တော်သလင်းမြစ်တွင်း သင်ဖြူးခင်း”ဆိုသော စကားနှင့်အညီ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ကြီးနှင့် အခြားသောမြစ်များ၏ မျက်နှာပြင်သည် သင်ဖြူးဖျာချပ်ကို ခင်းထားသည့်အလား ညီညာစွာတည်ရှိနေသည်။ စာဆိုရှင် ဖိုးသူတော်ဦးမင်းက တော်သလင်းလအကြောင်းကို “ရေယဉ်စမ်းငယ်နှင့် သောင်ကမ်းငယ်ပြည့်လျှံ၊ လှော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင်ပွဲ ကျင်းပတဲ့လကိုလေး”ဟု လွမ်းချင်းကဗျာကို ရေးစပ်ခဲ့သည်။ လှိုင်းလေငြိမ်သက်သဖြင့် လှေပြိုင်ပွဲများကို ရှေးပဒေသရာဇ်ခေတ်တွင် ကျင်းပခဲ့ရာ ဘုရင်ကိုယ်တိုင် ကြွရောက်ရှုစားအားပေး၏။ မြစ်ပြင်တွင်ရှိသော ပြိုင်လှေများပေါ်တွင် လှေလှော်သားများမှာ နီမြန်းပါးလွှာသော အဝတ်အစားများကို ဝတ်ဆင်ထားသည်မှာ တက်ကြွဖွယ်ရာကောင်းလှသည်။ ထို့ပြင် ရွှေဦးထုပ်များကို ဆောင်းထားကြပြီး ငွေရောင်အဝတ်စကို လက်မောင်းတွင် စည်းထားသဖြင့် နေရောင်အောက်၌ တောက်ပလျက်ရှိသည်။ ရွှေသားစက်ကွင်းကို အဝါရောင်စက္ကူ၏အလယ်တွင်ကပ်ထားပြီး ပန်းတိုင်တွင်ချိတ်ဆွဲ၏။ လှေလှော်သားတို့သည် အချီအချညီညာစွာဖြင့် လှော်ခတ်ကြရာ ကြည့်ရှုသူပရိသတ်များကလည်း လက်ခုပ်လက်ဝါးတီးကာ အားပေးနေကြသည်။ ပြိုင်ပွဲဝင်လှေတော်သားများ တာမှထွက်သည်နှင့်တစ်ပြိုင်နက် စည်၊ ဗုံ၊ မောင်း စသောတူရိယာများဖြင့် မြူးကြွစွာ တီးခတ်ပေးကြသည်။ ပန်းတိုင်သို့ ဦးစွာရောက်သည့်လှေက ရွှေသားစက်ကွင်းကို ဆွတ်ယူကြရသည်။ ၎င်းကို ပန်းဆွတ်သည်ဟုခေါ်ဆိုကာ လှေဦးတွင် ပန်းဆွတ်တော်သူများကို ထားလေ့ရှိကြ၏။ ဦးစွာရောက်ရှိသော်လည်း ပန်းဆွတ်သူမှာ ရေထဲသို့ကျပါက အရှုံးဟု သတ်မှတ်ထား၏။ လှေပြိုင်ပွဲကို ပန်းလှုသဘင်ဟုလည်း ခေါ်ဆိုကြသည်။ ဘုရင်က အနိုင်ရသူများကို ဆုလာဘ်များ ချီးမြှင့်ခြင်းနှင့် ရာထူးတိုးပေးခြင်းတို့ဖြင့် ဘုရင့်ရေတပ်မတော်စွမ်းရည်ကို မြှင့်တင်ပေးခဲ့သည်။ ယနေ့ခေတ်တွင် အင်းလေးဒေသ၌ ရိုးရာလှေပြိုင်ပွဲကို အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သည်။ ထို့ပြင် လှေလှော်ခြင်းကို အားကစားနည်းတစ်ရပ်၌ ထည့်သွင်းထားရှိပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ကို ဖွဲ့စည်းကာ ကမ္ဘာ့ပြိုင်ပွဲများထိ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

တော်သလင်းလ၏ရာသီပန်းမှာ ရင်းမာပန်းဖြစ်၍ ပင်လုံးကျွတ် ဝါကြန့်ကြန့်အရောင်ဖြင့် ဖူးပွင့်လျက်ရှိပြီး ရနံ့မှာသင်းပျံ့ပျံ့ကြိုင်လှိုင်နေပါသည်။ ပင်စည်မှာ လုံးဝန်းပြီး ဖြောင့်မတ်သည်။ ရင်းမာပန်း၏လှပသင်းပျံ့မှုကို စာဆိုတော်လူဦးမင်းက “ကန်ရာသီချိန်တွင်းမို့ ရွှေရင်းတဲ့မာငုံ၊ မြိုင်ဟေမာသာနန်းက၊ သုတ်ဖျန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ”ဟု ရေးဖွဲ့ခဲ့သည်။ တော်သလင်းလသည် မိုးများသည့်လဖြစ်သည်။ မုံရွေးဆရာတော်ကြီး၏ ဆယ့်နှစ်ရာသီမိုးဘွဲ့တွင် “တော်သလင်းတိမ်ညို စားဖိုသည်ဆင်းရဲ မိုးမစဲ”ဟု ရေးဖွဲ့ထားရှိသည်။ မိုးမစဲဘဲ ရွာသွန်းနေသဖြင့် ချက်ပြုတ်ရေးကို တာဝန်ယူထမ်းဆောင်ရသော အမှုထမ်းတို့သည် ထင်းရှာရသော အလုပ်၊ မီးဖိုမီးမွှေးရသော အလုပ်များကို လုပ်ကိုင်ရသည်မှာ ပင်ပန်းပေလိမ့်မည်။ “တော်သလင်းမိုး ကန်သင်းကျိုး”ဟုလည်း စပ်ဆိုခဲ့ကြရာ လယ်ကန်သင်းတာရိုးများ ကျိုးပေါက်ကြသည်။ မိုးမရွာသည့်အချိန်တွင် နေပူရှိန်မြင့်တက်ရာ ပုစွန်၊ ကဏန်းသတ္တဝါတို့ သေဆုံးတတ်သဖြင့် “တော်သလင်းနေ၊ ပုစွန်သေ”ဟုလည်းဆိုကြပြန်သည်။

တော်သလင်းလတွင် အညာကျေးလက်ဒေသများ၌ ထန်းသီးများ ရင့်မှည့်ကြသည်။ ရင့်မှည့်စ ထန်းသီးလုံးများကို အခွံခွာပြီး ဓားနှီးဖြင့်လှီး၍ အသီး၏အတွင်းသားနုနုကိုစားရသည်မှာ ချို့ဆိမ့်အရသာကို ရရှိစေ၏။ “မိုးစက်လေးတွေ ဖြိုးဖြိုးဖြောက်၊ ထန်းပင်မြင့်အောက် ထန်းသီးကောက်၊ ထန်းသီးကောက်ရာ တို့လည်းပါ၊ ဟိုမှာတစ်လုံး သည်တစ်လုံး ပြေးကောက်လိုက်ကြတရှန်းရှန်း၊ ဘွားလေးတို့အိမ် မိုးလင်းချိန် ထန်းသီးမုန့်တွေ ဝါလို့ထိန်၊ အိမ်သူအိမ်သား ပျော်ပျော်ပါး၊ မုန့်ချိုလွှာပါး ဝိုင်းဖွဲ့စား” ဆိုသော ကလေးကဗျာတစ်ပုဒ်ထဲကအတိုင်း မိုးဖွဲဖွဲလေးကျနေသော နေ့တစ်နေ့တွင် ကလေးတစ်သိုက်မှာ ထန်းသီးမှည့်များကို အလုအယက် ကောက်ကြသည်။ ကောက်ယူရရှိသော ထန်းသီးမှည့်များကို ဘွားလေးထံသို့ ပေးအပ်လေ၏။ နံနက်မိုးလင်းသောအခါ အဘွား၏အိမ်တွင် ဝါဝါထိန်ထိန် ထန်းသီးမုန့်ကို အိမ်သူ၊ အိမ်သားများဖြင့် ဝိုင်းဖွဲ့၍စားသုံးရသည်မှာ ပျော်ရွှင်ဖွယ်ရာကောင်းလှပေသည်။

အချုပ်အားဖြင့် လပေါင်း ဆယ့်နှစ်လရှိသည့်အနက် တော်သလင်းလတွင် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေများသည် ဖွေးဖွေးလှုပ်မျှ ပြည့်လျှံနေပြီး လယ်ယာတစ်ခွင်၌ ကောက်ပင်များဖြင့် စိမ်းလန်းနေသည်မှာ မြစိမ်းရောင်ကမ္ဗလာကို ခင်းထားသည့်အလား တည်ရှိနေပါသည်။ ဝါတွင်းကာလဖြစ်သဖြင့် ကျေးလက်တောရွာများတွင် အရှဏ်တက်သည်နှင့် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံ၊ နိဗ္ဗာန်ဆော်အဖွဲ့၏ ကြေးစည်ထု၍ ဆွမ်းချက်ရန် နိုးဆော်သံတို့မှာ ကျက်သရေမင်္ဂလာရှိလှသည်။ ထို့ကြောင့် အလွန်အင်မတန် သာယာလှပသော၊ ဂရုဓမ္မ သီလစောင့်ထိန်းသည့် တော်သလင်းလကို လှပဖော်ညွှန်း တော်သလင်း၊ ဂရုအခါ ကျင်းပရာ သီလစောင့်ခြင်း တော်သလင်းဟူ၍ တင်စားကာ ရေးသားလိုက်ရပေသည်။

**ကိုးကား**

– **ရှင်မဟာဗုဒ္ဓဃောသ ရေးသားတော်မူသည့် ကုရုဓမ္မဇာတ်၊ ဒုတိယတွဲ၊ သာဓကအဋ္ဌကထာ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၇-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ<br>(ကျပ်) |
|---|---|---|
| ၆၂၄၅။ | ဦးစိုင်းအိုက်ပေါင်(ခ)ဦးကျော်နိုင်နှင့်ဇနီး ဒေါ်ဟော်ဇီမေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၂၄၆။ | ဦးမြသောင်းနှင့်ဇနီး ဒေါ်ခင်ခင်အေး၊ (သား) ဗိုလ်မှူးချုပ်ဇေယျာလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၄၇။ | ဦးငွေမောင်နှင့်ဇနီး ဒေါ်ညိုတင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၄၈။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်မြသီတာအောင်၊ (သမီး) မအေးချမ်းဆုပြည့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၄၉။ | နှစ်ဖက်သောကျေးဇူးရှင်မိဘများနှင့်ဇနီး ဒေါ်ဖြူဖြူမြင့်တို့အားရည်စူး၍ ဦးဉာဏ်ဆွေဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၀။ | ကွယ်လွန်သူ ဗိုလ်ကြီးဝဏ္ဏရဲတိုက်အားရည်စူး၍ တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၅)မှ သူငယ်ချင်းများကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၁။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်ပြုံးရီ (တိုဟူးနှင့်ကုန်စုံရောင်းဝယ်ရေးလုပ်ငန်း) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၂။ | ဦးမြင့်ရွှေဦးနှင့်ဇနီး ဒေါ်ခင်မာသန်း၊ (သား) ဒေါက်တာအောင်ကျော်စွာမြင့် (အထွေထွေရောဂါအထူးကုသမားတော်ကြီး) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၃။ | ဦးလှတင်ဦးနှင့်ဇနီး ဒေါ်ပပမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၄။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သိန်းသိန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၅။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၆။ | ဦးကျော်မိုးထွန်းနှင့်ဇနီး ဒေါက်တာသီတာရန်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၇။ | မဇင်မာဝင်း၊ (သားများ) မောင်လင်းမြတ်ကျော်၊ မောင်မင်းခန့်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၈။ | ကွယ်လွန်သူ ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ရွှေရင်၊ (သား) ဦးသန်းမြင့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၅၉။ | မောင်ဘုန်းပြည့်ပိုင်(၂၁)နှစ်ပြည့်မွေးနေ့အလှူ | ၅၀၀၀၀ |
| ၆၂၆၀။ | ဦးမြင့်ရွှေနှင့်ဇနီး ဒေါ်နန်းသန်းစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ<br>(ကျပ်) |
|---|---|---|
| ၆၂၆၁။ | ဦးခင်မောင်ဌေးနှင့်ဇနီး ဒေါ်မြကြည်၊ သား၊ သမီး၊ မြေး၊ မြစ်မိသားတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၂။ | ဒေါ်မေသန်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၃။ | ဦးအေးသိန်းနှင့်ဇနီး ဒေါ်သဲမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၄။ | ဦးတင်စုနှင့်ဇနီး ဒေါ်မြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၅။ | ကိုအောင်မျိုးသိန်းနှင့်ဇနီး မဌေးဌေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၆။ | ဦးဇော်ရဲထွန်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၇။ | ဒေါ်တင်ဦးနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၈။ | ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်နန်းမြင့်မြင့်ဌေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၆၉။ | အဘိုး ဦးခင်မောင်လေး၊ ဦးမျိုးဝင်း၊ မေမေ ဒေါ်နီနီသိမ်း၊ ညီမလေး မမွန်မွန်ခိုင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၀။ | ကျေးဇူးတော်ရှင် မဟာပုရိသကျောက်ဂူတောရရိပ်သာ ဆရာတော် ဒေါက်တာအရှင်ကုဏ္ဍလအားအမှူးထား၍ ဦးသန်းဌေးနှင့်ဇနီး ဒေါ်ဝတ်မှုံ(လိုတရပန်းဆိုင်) မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၁။ | ဒေါက်တာထွန်းဝင်းအောင်နှင့်ဇနီး ဒေါ်နီလာမောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၂။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်အုန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၃။ | ဒေါ်ခင်မြတ်မော်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၄။ | မပန်းနုအောင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၅။ | ဒေါက်တာမျိုးသန့်နှင့်ဇနီး ဒေါ်ခိုင်မြကြည်လင်း၊ (သမီး) ဒေါက်တာမြကေသီသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၆။ | ဖခင်ကြီး ဦးသန်းမောင်အားရည်စူး၍ ဒေါ်တင်ရီ (သမီး) မမြင့်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၇။ | ဦးအေးကြိုင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၈။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်မော်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၇၉။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၀။ | ဦးစိုးအောင်+ဒေါ်လှဝင်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ<br>(ကျပ်) |
|---|---|---|
| ၆၂၈၁။ | ဦးလှိုင်ဦးနှင့်ဇနီး ဒေါ်ရွှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၂။ | ဦးသန်းညွန့်အားရည်စူး၍ ဒေါ်ခင်နီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၃။ | ဦးကျင်သန်းနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၄။ | ဒေါ်စန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၅။ | ဒေါ်လှကြည်နှင့် မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၆။ | ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၇။ | ကိုဝံသနှင့်ဇနီး မမိုးနန္ဒာ၊ (သား) မောင်ဟန်မင်းသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိုးလင်းနှင့်ဇနီး ဒေါ်ခင်စန္ဒာကြိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၈၉။ | ကိုစံလွင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၀။ | ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးတပ်ဖွဲ့ CNC အဖွဲ့သားများကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၁။ | ဒေါ်အေးရွှေ (သား) မောင်ညီညီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၂။ | ကိုအောင်ဆန်းနှင့်ဇနီး မကေသွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၃။ | ဒေါ်လှလှနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၄။ | ကွယ်လွန်သူ ဦးစိုးသိန်းနှင့်ဇနီး ဒေါ်အေးကြွယ် အားရည်စူး၍ (သမီး) ဒေါ်ကြူကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၅။ | ဦးမိုးကျော်နှင့်ဇနီး ဒေါ်ယဉ်မျိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၆။ | ဦးအောင်ဇော်ဝင်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၇။ | ဦးလေးဦးနှင့်ဇနီး ဒေါ်ခင်လေးနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၈။ | ဦးတင်လှနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၉၉။ | ရင်တွင်းသဒ္ဓါပီတိဖြာပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၀။ | ဦးသိန်းထွန်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးမာထီနှင့်ဇနီး ဒေါ်စန်းနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၂။ | အဘွားကိုအမှူးထား၍ ကိုသက်မြင့်လှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၃။ | ဒေါ်သန်းကြည်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၄။ | မောင်ဘုန်းပြည့်ကျော်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၀၅။ | ဦးဝေလွင်နှင့်ဇနီး ဒေါ်တင်မာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/ အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း (အမျိုးသား/ အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် (အဆို/အက) (အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ် ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ ထောက်ခံစာမရပါ)။
(င) အနည်းဆုံး ၄နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဈ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှော်ဘီ၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။ (ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၃၀၄၀၁၊ ၀၉-၆၉၁၇၅၅၅၅၇)
(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၃-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)
(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၃-၄၀၀၀၅၊ ၀၉-၆၈၄၆၇၃၃၃၂)
(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၃-၃၆၁၀၀၊ ၀၉-၆၉၁၂၄၉၁၂၃)
(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၁၆၊ ၀၉-၆၉၇၂၈၇၈၅၅)
(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ချောင်းဆုံ၊ မော်လမြိုင်မြို့။ (ဖုန်း ၀၉-၃၉၁၀၆၅၆၊ ၀၉-၆၇၈၉၂၆၁၀၀)
(ဈ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇၈၆၅၂၀၀၆)
(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆၈၆၃၉၆၀၈၇)
(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၉၊ ၀၉-၆၉၃၂၄၂၆၈၁)
(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၀၂၅၊ ၀၉-၆၇၈၈၄၂၁၁၁)
(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁၄၀၊ ၀၉-၆၉၅၇၅၈၁၄၉)
(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁၈၇၈၊ ၀၉-၄၀၁၅၅၄၂၈၇)
(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွာတော်၊ နေပြည်တော်။ (ဖုန်း ၀၃၂-၃၀၃၅၃၊ ၀၉-၆၉၁၃၈၄၄၀၀)
(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃၈၆၆၆၊ ၀၉-၉၅၉၇၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၄ ရက်မှ ၆-၁၀-၂၀၂၄ ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပညာမလူတွေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား (တောင်ညို) နေပြည်တော်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မှော်ဘီ) ရန်ကုန် (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော် (ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉၄၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်ရှိ အကွက်အမှတ်-၄-က(မိုးဇာကွင်း)၊ ဦးပိုင်အမှတ်(၁၀-က)၊ ဧရိယာ (၀. ၀၄၀)ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက်တစ်လုံးအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်လှလှ (ဘ) ဦးဘကျင် (၅/စကန(နိုင်)၀၁၂၅၅၄)ထံမှ ကျွန်မ ဒေါ်ပပဝင်း (ဘ) ဦးတင် (၅/ငဇန(နိုင်)၀၆၆၉၅၀)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပပဝင်း (ဘ) ဦးတင်**
**(၅/ငဇန(နိုင်)၀၆၆၉၅၀)**
**ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့။**

စာပေမြင့်မှ လူမျိုးတင့်မည်

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ငရုတ် ၁၈၁၁ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၈၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၆၂၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၁၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ငရုတ်စိုက်ပျိုးမှုက အခြေအနေကောင်းမွန်ပါတယ်။ ချောင်းဦး၊ ယင်းမာပင်တို့ဘက်တွေမှာ ပြည်ပကိုတင်ပို့ဖို့ စိုက်ပျိုးတာတွေရှိလာတဲ့အတွက် ဒီနှစ်ဆောင်းကာလမှာ ငရုတ်ကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ဧက၊ ခန္တီးခရိုင်တွင် ၆၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၉၇ ဧက၊ နာဂဒေသတွင် ၇၇၂ ဧက၊ မုံရွာခရိုင်တွင် ၈၈၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၄၈၇ ဧက၊ ရွှေဘိုခရိုင်တွင် ၁၅၈ ဧက၊ ရေဦးခရိုင်တွင် ၂၁၅ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၇၅၁ ဧက၊ ကသာခရိုင်တွင် ၁၀၆ ဧက၊ ကောလင်းခရိုင်တွင် ဧက ၃၀ စုစုပေါင်း ၁၈၁၁ ဧကဖြစ်ကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများကို ငရုတ်သီးနှံ အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန် စိုက်နည်းစနစ်နည်း ပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ






**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ပဒေသာကပွဲ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊
ဖုန်း - ၀၂-၄၀၃၀၄၃၃၈၊ ၀၂-၄၀၃၀၄၃၃၉၊ ၀၉ ၆၇၈၉၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၉၂

အရေးပါးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ





PURE ARABICA COFFEE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# "အထူးဝမ်းနည်းကြေကွဲခြင်း"

မန္တလေးမြို့၊ အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ **ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ နာယကကြီး ဦးမြင့်ထူး အသက်(၆၂)နှစ်** "ရွှေနန်းတော်ကုမ္ပဏီ" ပိုင်ရှင်သည် ၁၆-၉-၂၀၂၃ (စနေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ရိပ်သာဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ မှတ်တမ်းတင်ကြေညာအပ်ပါသည်။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ**
**မန္တလေးမြို့။**

## Long Style Beauty Saloon

ဖြောင့်
ကောက် } (30%) off
ဆေးဆိုး

ဆံပင်ညှပ်တာ အရမ်းလှတယ်၊
(ကြိုတင်ဖုန်းဆက်လို့ ရပါတယ်)

**ဝန်ထမ်းအလိုရှိသည်**

66 st × 67 st, 38 st Corner, Ph; 09-2053849

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကူကြီးကုန်း၊ Grade-11 မှ မဇင်မာဝေ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ဇော် ဖြစ်ပါကြောင်း။

**ဦးမောင်ဇော် (၉/မလန(နိုင်)၁၁၁၉၀၅)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စနိုးကွင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(B)၊ ကျောင်းဝင်အမှတ်(၁၃၅၅) မစန္ဒာဝင်းဝင်း ၏ဖခင်သည် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ရှမ်း ဖြစ်ပါကြောင်း။

**ဦးမောင်ရှမ်း(၁၃/ကခန(နိုင်)၀၅၇၂၆၃)**

## ဖခင်အမည်မှန်

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အထက(ခွဲ)မင်းကန်၊Grade-12 တွင် ပညာသင်ကြားနေသော မခိုင်မာသဲ ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြင့်ဆွေ ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**
**(၉/ပသက(နိုင်)၁၈၂၈၅၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ Grade-11 မှ မောင်ဝေယံရဲရင့် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအိုက်စိုင်း ဖြစ်ပါကြောင်း။

**ဦးအိုက်စိုင်း**
**(၁၃/သပန(နိုင်)၁၆၈၁၃၉)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ၂၈-သုမင်္ဂလာနေ ဦးစိုင်းအေးမောင် ၏သားဖြစ်သူ **မောင်သက်ဇော်အေး(၉/ပဥလ(ဧည့်)၀၀၀၀၄၅)**သည် မိဘ၏ဆိုဆုံးမမှုစည်းကမ်းများကို မလိုက်နာသဖြင့် သားဖြစ်သူအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးစိုင်းအေးမောင် (၉/မမန(ဧည့်)၀၀၀၂၈၉)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (**Peace and Stability**)သည် အရေးအကြီးဆုံးဖြစ်...

❖ တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ စာမျက်နှာ - ၂၁

စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ - ၂၁

### မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၁၇-၈-၂၀၂၃)

| | |
|---|---|
| မော်ဘီ | ၅ ဒသမ ၆၇ လက်မ |
| ညောင်တုန်း | ၅ ဒသမ ၁၃ လက်မ |
| ဒွေး | ၄ ဒသမ ၂၉ လက်မ |
| ကိုကိုးကျွန်း | ၄ ဒသမ ၂၅ လက်မ |
| ကျိုက်မရော | ၄ ဒသမ ၁၃ လက်မ |
| လှည်းကူး | ၃ ဒသမ ၈၆ လက်မ |
| ပဲခူး | ၃ ဒသမ ၂၃ လက်မ |
| မုဒုံ | ၃ ဒသမ ၁၅ လက်မ |
| သိမ်ဖြူ | ၂ ဒသမ ၆၄ လက်မ |
| ထားဝယ် | ၂ ဒသမ ၅၂ လက်မ |

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့ဝန်ဆောင်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၈၁၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၃၅ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၆၂ ဦး၊ အရိုးရောဂါ ၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၂၁၃ ဦးနှင့် သွားရောဂါ ၆၈ ဦးတို့ကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

Quality For You ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉